# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## လက်ရှိဖြစ်ပေါ်နေသည့် ဗီဇပြောင်းရောဂါပိုးသည် ဖြစ်ပွားမှုနှုန်းမြန်ဆန်ပြီး သေဆုံးမှုများသည့်အတွက် ပေါ့ဆစွာဖြင့် နေထိုင်သွားလာမှုများမရှိစေရေး ကျန်းမာရေးအသိပညာပေးသည့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်

နေပြည်တော် ဩဂုတ် ၂၀

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✳



ယနေ့ ဖတ် စ ရာ

တော်သလင်းလနှင့် ချစ်စရာ မြန်မာ့ဓလေ့ လှေပြိုင်ပွဲတော် — ဆောင်းပါး — စာ - ၆

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းကျဆင်းလာစေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါစို့ — ဆောင်းပါး — စာ - ၁၀

မြန်မာ့အလင်း

# ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်းသည် အသက်အန္တရာယ်ကာကွယ်နိုင်ရေးဖြစ်

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း တစ်နေ့ထက်တစ်နေ့ ကျဆင်းလျက်ရှိရာ လက်ရှိအခြေအနေတွင် ၁၀ ရာခိုင်နှုန်း ဝန်းကျင်ခန့်သာ ရှိတော့သည်ကို တွေ့ရသည်။ ဤသည်မှာ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စီမံခန့်ခွဲသည့်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ တက်ညီလက်ညီဆောင်ရွက်မှုကြောင့် ရရှိလာသည့်ရလဒ်ကောင်းဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့နေသည့် ကပ်ရောဂါဖြစ်သည့်အလျောက် နိုင်ငံပြင်ပမှ ဝင်ရောက်ကူးစက်မလာရေးနှင့် ပြည်တွင်းကူးစက်မှုများကိုလည်း သတိ၊ ဝီရိယဖြင့် မပြတ်တမ်းစောင့်ကြည့်နေရဦးမှာဖြစ်သည်။

ရောဂါကူးစက်မှုရှိမရှိမှာ ကိုဗစ်-၁၉ ရောဂါ၏ လှည့်စားတတ်သည့်သဘောအရ လူပုံကိုကြည့်ရုံမျှဖြင့် မသိနိုင်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူကိုယ်တိုင်သည်ပင်လျှင် မည်သည့်ရောဂါလက္ခဏာမှ မခံစားရဘဲ ပုံမှန်အတိုင်းနေရင်း အခြားသူများကို ရောဂါကူးစက်အောင် ဖြန့်ဝေသူဖြစ်နေတတ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်နေသူများအနက်မှ အချို့မှာ ပြန်လည်ဝင်ရောက်လာကြပြီး သက်ဆိုင်ရာသို့ သတင်းမပို့၊ ဆေးစစ်ဆေးခြင်းလည်းမရှိဘဲ ရပ်ရွာတွင် ပြန်လည်နေထိုင်ကြရာမှ ရောဂါကူးစက်ပျံ့နှံ့မှုများလည်းရှိရာ ရောဂါစစ်ဆေးမှုများကို ကြပ်ကြပ်မတ်မတ်ဖြင့် များများနှင့် မြန်မြန်စစ်ဆေးနိုင်မှသာ ရောဂါကူးစက်မှုများကို မြန်မြန်ဖြတ်တောက်နိုင်မည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ မရှိ စစ်ဆေးရာတွင် လူနာထံမှ အာခေါင်နှင့် နှာခေါင်းတို့ဖတ်နမူနာကို ရယူ၍ RT-PCR ခေါ် စက်ကြီးဖြင့် ဓာတ်ခွဲစစ်ဆေးခြင်းနှင့် Rapid Antigen Test Kit ဖြင့် စစ်ဆေးခြင်းဟူသော နည်းလမ်းများဖြင့် စစ်ဆေးပြီး ဓာတ်ခွဲအတည်ပြုလူနာများကို ဖော်ထုတ်လျက်ရှိသည်။ အဆိုပါ နည်းလမ်းနှစ်မျိုးအနက် မည်သည့်နည်းလမ်းဖြင့် စစ်ဆေးသည်ဖြစ်စေ လူနာ၏ အာခေါင်နှင့် နှာခေါင်းနောက်ပိုင်းတွင် ရောဂါပိုးအများဆုံးရှိနိုင်သည့် အချိန်ဖြစ်သော ရောဂါလက္ခဏာ စပြပြီးနောက် ၃ ရက်မှ ၆ ရက်ကြားတွင် တို့ဖတ်နမူနာရယူနိုင်ရန် လိုအပ်သည်။ အာခေါင်၊ နှာခေါင်းတို့ဖတ် နမူနာရယူခြင်းသည် မိနစ်ပိုင်းမျှသာဖြစ်ပြီး နာကျင်ခြင်းမရှိ၊ အန္တရာယ်လည်း မရှိ၊ ကြောက်ရွံ့ထိတ်လန့်စရာ မလိုသော စစ်ဆေးမှုသာဖြစ်သည်။ အာခေါင်နှင့် နှာခေါင်းနောက်ပိုင်းတွင် တွယ်ကပ်နေသည့် ဗိုင်းရပ်စ်ပိုးများကို နှိုက်ယူခြင်းဖြစ်၍ နှာခေါင်းယားတတ်သူတို့ နှာချေချင်သလို၊ နှာမွှန်သလို ခံစားရမှု အနည်းငယ်မှလွဲ၍ ဘာမှမခံစားရသည့် စစ်ဆေးမှု ပေါ့ပေါ့ပါးပါးပင် ဖြစ်သည်။

"ဆေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရှည်စွာဖြင့် နည်းစနစ်တကျဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သောသူများသည် အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ် ခံယူရမည်ကို ကြောက်ရွံ့ထိတ်လန့်မှုများရှိသဖြင့် စစ်ဆေးမှုခံယူသူများကိုလည်း ကြောက်ရွံ့မှုမရှိစေရန် နားလည်သဘောပေါက်အောင် ရှင်းပြပေးရမည်ဖြစ်ကြောင်း၊ ဆေးစစ်မှုလုပ်ငန်းများသည် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရေး လုပ်ဆောင်ပေးသည့် လုပ်ငန်းဖြစ်သဖြင့် စစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သူများ မကျန်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မှာကြားခဲ့ရာ ပြည်သူများအား နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြား စည်းရုံးရင်း စစ်ဆေးရန်လိုအပ်သူများ မကျန်သည်အထိ ဆောင်ရွက်ရန် ကျန်းမာရေးဝန်ထမ်းများနှင့်တကွ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့အစည်းများက ဝိုင်းဝန်းဆောင်ရွက်သွားကြခြင်းဖြင့် ဆေးစစ်မှုလုပ်ငန်းစဉ် အောင်မြင်မည်ဖြစ်သည်။

များများစစ်ဆေးပြီး မြန်မြန်ဖော်ထုတ်နိုင်သည်နှင့်အမျှ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို မြန်မြန်ကုသရင်း တစ်ဖက်တွင်လည်း ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ရာ ရောဂါရှာဖွေဖော်ထုတ်မှုလုပ်ငန်းစဉ်တွင် ပြည်သူအားလုံး ပါဝင်နိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းနိုင်ဦး<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |
| (ခ) | ဦးရဲညွန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ သီတာလှ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ကုသရေး)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |

## အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လားရှိုး) (နဝမအကြိမ်) နေအိမ်တိုက်ခန်းသော့နှင့် နေထိုင်ခွင့်ကတ်ပြား ပေးအပ်ပွဲပြုလုပ်

နေပြည်တော် ဩဂုတ် ၃၀

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လားရှိုး)တွင် နေထိုင်ကြမည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် စစ်သည်များ၏ အမွေခံမိသားစုဝင်များနှင့် သက်ပြည့် အရာရှိ/စစ်သည်များကို နေအိမ်တိုက်ခန်းသော့နှင့် နေထိုင်ခွင့်ကတ်ပြား ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ပြုလုပ်သည်။

### နေထိုင်ခွင့်ကတ် ပေးအပ်

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး က အဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လားရှိုး)တွင် နေထိုင်ခွင့်ရရှိသော နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် စစ်သည်များ၏ အမွေခံမိသားစုဝင်များနှင့် သက်ပြည့် အရာရှိ/စစ်သည်များအား နေအိမ်တိုက်ခန်းသော့နှင့် နေထိုင်ခွင့်ကတ်ပြားများကို ပေးအပ်ရာ အမွေခံမိသားစုဝင်များနှင့် သက်ပြည့် အရာရှိ/စစ်သည်များက လက်ခံရယူကြသည်။

ထို့နောက် အိမ်ရာတွင် နေထိုင်မည့်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၃၅ ခုမှ Jovit-C ၁၅၀၆၄ ခု၊ SOL-U-PRED အခု ၄၀၀၊ Lyrica Capsule အခု ၃၂၀၀၊ Alelsctone Tablet အခု ၂၀၀၀၀၊ Dalacin Capsule အခု ၁၆၀၊ Lapid Tablets အခု ၇၀၊ Panstan Tablets အခု ၁၇၀၊ Breath Care ၆၅ ခု၊ Spray Gun အခု ၁၀၀၀၊ Vocin Tablets အခု ၂၀၀၀၊ Ascozin Tablets



အခု ၅၈၂၀၊ Wolvit အခု ၂၂၄၀၊ Fanigan Fast-Ge အခု ၃၂၀၀၊ Dazit Tablets ၄၉၅၄ ခု၊ Fluguard (Favipiravir) အခု ၁၂၀၀၀၊ Amoxicillin Trihydrate အခု ၂၀၊ Linagkiptin ၆၇ ခု၊ Tenoxicam ၁၇ ခု၊ Magald-rate Tablets အခု ၁၁၀၊ Carvedilol ၁၇ ခု၊ Levocetirizine Duhydro-chloride အခု ၅၀၊ Floxacin အခု ၃၀၊ Rivaroxaban Tablet ၂၅ ခု၊ Sterile ခုနစ်ခု၊ Efaviren Tablets ခြောက်ခု၊ Fobancort Cream အခု ၃၀၊ Camdarcort Cream ၁၅ ခု၊ Organist ၄၉၅၃ ခု၊ Repenem Injection ၈၀၂၄ ခု၊ Pharmaceutical Products တစ်ခု၊ So Bio Line ၄၃ ခု၊ Mirtazapine Tablets လေးခု၊ Immune Zinc & C Efferves-cent ၃၁၅ ခု၊ Vitamin D3 ၂၄၁၅ ခု၊ Vitamin C ၄၇၂၆ ခု၊ Zinc Picolinate အခု ၁၀၅၀၊ Breathing Theraphy Equipment ၁၀ ခု၊ Thermometer အခု ၁၅၀၀၊ Oxygen Concentrator ၁၆၇ ခု၊ Oxygen Mask အခု ၃၀၀၀၊ Nasal Cannula အခု ၁၇၆၀၊ Oximeter အခု ၂၀၀၊ Test Kit အခု ၃၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးမျိုးစုံ ၃၁ မျိုး၊ ၆၇၀၈၂ ဒသမ ၄၆ kg နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ တာချီလိတ်)တွင် ကုမ္ပဏီ ၁၈ ခုတို့မှ Oxygen Cylinder ၂၀၁၈ ခု၊ Oxygen Concen-trator အခု ၉၀၊ Mask ၄၂၀၀ Kg၊ Liquid Oxygen ၂၀ ဒသမ ၃၅ တန်၊ Flow Meter အခု ၁၀၂၀၊ PPE အခု ၄၇၈၀၀၊ Oximeter အခု ၄၅၀၊ Sodium Chloride Injection ၅၇၁၅၀ Kg၊ Mask ၁၇၈၆ ခု၊ Tube Oxygen အခု ၁၀၀၊ Liquid Oxygen ၁၅၁၉၆ $m^3$၊ Oxygen Plant ခုနစ်ခု၊ Liquid Storage Oxygen Tank နှစ်ခုတို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

- ယခုထပ်မံရောက်ရှိသည့် ကာကွယ်ဆေးများထိုးနှံပြီးချိန်တွင် ကာကွယ်ဆေးထိုးနှံ ပြီးသည့်အရေအတွက် တိုးတက်လာမည်
- ပြည်ပမှဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလည်း မကြာမီအချိန်အတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ဆေးများထပ်မံရောက်ရှိချိန်တွင်လည်း ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးသွားမည်

✳ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းဖြစ်ပေါ်လာပြီး ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ အစည်းအဝေးများပြုလုပ်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အားလုံး တက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်း ကူးစက်မှုရှိခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် ၄၀ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိခဲ့ကြောင်း၊ စတင်ဖြစ်ပွားသည့် အချိန်မှစ၍ ဩဂုတ်လအတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်အထိ ကျဆင်းစေရန်အတွက် ပထမအဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလ ၂၉ ရက်တွင် လူဦးရေ ၂၉၁၂၇ ဦးအား စစ်ဆေးခဲ့ရာ ၃၁၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရှိရသည့်အတွက် မိမိတို့မျှော်မှန်းသည့်အတိုင်း ကူးစက်မှု ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ထိုသို့ကူးစက်မှုနှုန်းများ ကျဆင်းရခြင်းသည် ပြည်သူများ၏ ပူးပေါင်းလိုက်နာ ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ညီညီညာညာဖြင့် တက်ညီလက်ညီ ဆောင်ရွက်ပေးမှုများကြောင့် ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

## ကူးစက်မှုနှုန်းများကျဆင်းလာမည်

ရောဂါကူးစက်မှုနှုန်း မြင့်မားခဲ့ချိန်တွင် အောက်ဆီဂျင်လိုအပ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း တစ်ဦးချင်းအလှူရှင်များ၊ အဖွဲ့အစည်းများအလိုက် အလှူရှင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့မှ စီမံ ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်ဆီဂျင်လိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ထုတ်ပြန်ချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်စည်းကမ်းများ လိုက်နာမှုနှင့် ပတ်သက်၍ နယ်စပ်တိုင်းဒေသကြီးများနှင့် ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများ အထူးသဖြင့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်လာချိန်တွင် တာဝန်ရှိသူများအား သတင်းပေးပို့မှုမရှိဘဲ မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက် နေထိုင်ရာတွင် ရောဂါကူးစက်ခံရသူများရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ပြန်လည် ဝင်ရောက်လာသူများအား တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ကြပ်မတ်ဆောင်ရွက်၍ လိုအပ်သည့် စစ်ဆေးမှုများနှင့် အကာအကွယ်ပေးမှုများ ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသတွင် ရောဂါကူးစက်မှုနှုန်းများ ကျဆင်းပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

## တစ်ရက်စောထိုးရင်တစ်ရက်အကျိုးရှိ

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရောက်ရှိမှု၊ ထိုးနှံမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် **"ဆေးနဲ့ပတ်သက်ပြီး ပြောရရင်တော့ မနေ့ကအထိ တရုတ်နိုင်ငံကနေပြီးတော့ ဆေး ၆ ဒသမ ၅ သန်းရောက်ပါတယ်၊ လှူတာ ၂ ဒသမ ၅ သန်းရှိပါတယ်၊ နောက်ဝယ်တာက ၄ သန်း၊ အားလုံးပေါင်း ၆ ဒသမ ၅ သန်း ကျွန်တော့်ဆီ ရောက်ပါတယ်၊ တရုတ်က ဆေးပေါ့။ အိန္ဒိယကနေပြီးတော့ လှူတာကတော့ ၁ ဒသမ ၇ သန်း လှူတယ်၊ ၂ သန်းက တော့ဝယ်တာဖြစ်ပါတယ်၊ အားလုံးပေါင်း ၃ ဒသမ ၇ သန်းရောက်ပြီ ဖြစ်ပါတယ်၊ စုစုပေါင်း ၁၀ ဒသမ ၂ သန်းရှိပါတယ်။ ဒါလည်း မနေ့ကရောက်တဲ့ဆေးဆိုရင် အတတ်နိုင်ဆုံး အမြန်ဆုံး ပြည်နယ်နဲ့ တိုင်းတွေကို တောက်လျှောက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ ပို့နိုင်တဲ့ အဖွဲ့အစည်းတွေအားလုံးက ယာဉ်တွေထုတ်ပြီး ကျွန်တော်ပို့ခိုင်းထားပါတယ်၊ ရာသီဥတုကောင်းရင်လည်း ကောင်းတဲ့အလျောက်ပေ့ါ။ အဲဒီတော့ အဓိကကတော့ ကိုယ့်ဆီရောက်လာရင် သက်ဆိုင်ရာ မြို့နယ်အဆင့်၊ အောက်ခြေအဆင့် အထိရောက်အောင် ပြည်နယ်များက၊ တိုင်းများကလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးဖို့ပါ၊ ဆောင်ရွက်ပေးဖို့ဆိုတာ ပြည်နယ်နှင့် တိုင်းအစိုးရအဖွဲ့တွေအနေနဲ့ကတော့ စီမံခန့်ခွဲတာလုပ်ပေ့ါ၊ ယာဉ်ယန္တရားတွေကတော့ လိုအပ်ရင် ကျွန်တော်တို့ကိုပြောပါ။ ကျွန်တော်တို့ ဒီကနေပြီးတော့ တတ်နိုင်သမျှ Real Time ဖြစ်စေချင်ပါတယ်၊ အချိန်နှင့် တစ်ပြေးညီဖြစ်စေချင်ပါတယ်။ တစ်ရက်စောထိုးရင် တစ်ရက်အကျိုးရှိပါတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ ဒီကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ပြန်ချက်တွေကြည့်လို့ရှိရင်ဆေးထိုးထားတဲ့သူတွေက ဆေးမထိုးထားတဲ့ လူတွေထက် ရောဂါကိုခံနိုင်ရည်ပိုရှိတယ်၊ မဖြစ်ဘူးလို့တော့ အရှင်းမပြောပါဘူး။ သို့သော်လည်း ဖြစ်နိုင်ခြေနည်းတယ်၊ ဖြစ်ရင်တောင်မှ ခံရမှုနည်းတယ်၊ အဲဒီတော့ ဖြစ်တယ်ဆိုရင်လည်း ဥပမာအားဖြင့် ပြင်းထန်တဲ့ရောဂါနဲ့ပတ်သက်ပြီးဖြစ်ပွားမှုကျတော့ အထိုက်အလျောက် သူကနည်းနည်း နည်းတာကို တွေ့ပါတယ်။ အောက်ဆီဂျင်ပေးရတာ၊ ဆေးပေးရတာကိုကအစ သူက သက်သာတာကိုတွေ့ရ တယ်"** ဟု ပြောကြားသည်။

## အချိန်နှင့်တစ်ပြေးညီထိုးနှံပေး

ယင်းနောက် ယခုထပ်မံရောက်ရှိသည့် ကာကွယ်ဆေးများထိုးနှံပြီးချိန်တွင် ကာကွယ်ဆေးထိုးနှံပြီးသည့်အရေအတွက် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှဝယ်ယူထားသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများလည်း မကြာမီအချိန်အတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ဆေးများထပ်မံရောက်ရှိချိန်တွင်လည်း ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

## ရေရှည်အတွက်စဉ်းစားဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများရရှိရေးအတွက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများမှသာမက အခြားမိတ်ဆွေနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများမှလည်း လှူဒါန်းပေးမှုများရှိကြောင်း၊ အာဆီယံအဖွဲ့မှလည်း လှူဒါန်းပေးသည့် ပစ္စည်းများ မကြာမီ ပို့မည်ဟုပြောကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ကူညီပေးသည့် နိုင်ငံများကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအားဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးသည် အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အောက်ဆီဂျင်များ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ အောက်ဆီဂျင်များအသုံးပြုမှု စနစ်မကျမှုကြောင့် အသုံးပြုသူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး အသိပညာပေး တိုက်တွန်းဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်း အောက်ဆီဂျင်များ နေရာအနှံ့ရရှိစေရေး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားလိုအပ်သည့် ပစ္စည်းများရရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီရန် လိုအပ်သဖြင့် ရေရှည်အတွက် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

## ကုန်ဈေးနှုန်းများမြင့်တက်လာ

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ ကန့်သတ်ချက်များရှိ၍ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်မားလာမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကုန်ဈေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ အခြေခံစားကုန်များကို ပြည်တွင်း၌ထုတ်လုပ်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းများ အန္တရာယ်ဖြစ်စေနိုင်သည်အထိ ရှားပါးမှုများမဖြစ်ပေါ်နိုင်ကြောင်း၊ လက်ရှိ ကုန်ဈေးနှုန်းများ မြင့်တက်နေရခြင်းမှာလည်း ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်မှုများရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၄ သို့*

**"ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားချိန်မှစ၍ ကန့်သတ်ချက်များရှိ၍ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်မားလာမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်မားလာသည်ကို တွေ့ရှိရ၊ မိမိတို့နိုင်ငံတွင်လည်း ကုန်ဈေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ အခြေခံစားကုန်များကို ပြည်တွင်း၌ ထုတ်လုပ်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းများ အန္တရာယ်ဖြစ်စေနိုင်သည်အထိ ရှားပါးမှုများမဖြစ်ပေါ်နိုင်၊ လက်ရှိကုန်ဈေးနှုန်းများ မြင့်တက်နေရခြင်းမှာလည်း ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်မှုများရှိ"**

# တိုင်းရင်းဆေးမှ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး သုတေသနပြု စမ်းသပ်ဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်

❑ **ယခုအသစ်ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများသည် တစ်ပုလင်းလျှင် 5 Dose နှုန်းဖြစ်သဖြင့် ဆေးထိုးနှံရေးဆောင်ရွက်ကြမည့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတိပြုရန်လိုပြီး နှုန်းထားအလိုက် အတိအကျဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်**

❑ **ယခင်ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို ဦးစားပေးထိုးနှံသွားရန်နှင့် ထပ်မံရောက်ရှိလာမည့်ဆေးများအား ဒုတိယအကြိမ် ထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထား**

စာမျက်နှာ ၃ မှ

တွင်လည်း ဈေးကားများဖြင့် နေရာအနှံ့တွင် စားသောက်ကုန်များ ဖြန့်ဝေရောင်းချပေးသဖြင့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အားရဖွယ်ရှိကြောင်း၊ ပြည်သူများ၏ စားရေးအဆင်ပြေရန်အတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူများ စားရေးအဆင်ပြေစေရေး ယခုထက်ပိုမို ဆောင်ရွက်ကြရန်အတွက် တိုက်တွန်းလိုကြောင်း၊ အလားတူ ထုတ်ကုန်ပစ္စည်းများ အားလျော့မသွားအောင် ဆောင်ရွက်ကြရန် လိုကြောင်း။

**အားပေးဆောင်ရွက်ရန်လို**

စိုက်ပျိုးရေးတွင် အထွက်နှုန်းတိုးစေရန်အတွက် ဓာတ်မြေဩဇာများရရှိရန် လိုအပ်သဖြင့် ပြည်ပမှ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒေသများအလိုက် သဘာဝဓာတ်မြေဩဇာများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း စည်းရုံးလှုံ့ဆော်ပေးရန်လိုကြောင်း၊ သဘာဝဓာတ်မြေဩဇာများကို အသုံးပြု၍ အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် ရှိပြီးသား အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး ပြည်နယ်နှင့် တိုင်းများအလိုက် တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကာလတွင် မိုးကောင်းစွာရွာသွန်းပြီး ရာသီဥတုများ ကောင်းမွန်လျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများထံ ကွင်းဆင်းအားပေး ဆောင်ရွက်ရန်လိုကြောင်း၊ အားလုံးဝိုင်းဝန်းပြီး အင်ပြည့်အားပြည့် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ရေးများ အဆင်ပြေပြီး ဝင်ငွေများ ကောင်းမွန်လာခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ပြန်လည်ဖြေလျှော့မှုများဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလျက်ရှိသည့်အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျခြင်းမရှိဘဲ ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး (Stay at Home) ထားရှိ၍ ကူးစက် ဖြစ်ပွားမှုနှုန်းလျော့ကျစေရေး လုပ်ဆောင်လျက်ရှိပြီး ဖြစ်ပွားမှုနှုန်းလျော့ကျလာသည့် မြို့နယ်များအား ပြန်လည်ဖြေလျှော့မှုများဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ရောဂါပိုးကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက် အုပ်စုများအလိုက် ခွဲခြားစစ်ဆေးမှု၊ ထိန်းချုပ်မှုများကို အထူးအလေးထား ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များ၊ ရပ်ကွက်များအတွင်းထိ ရောဂါပိုးကူးစက်မှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စစ်ဆေး လက်ခံပေးလျက်ရှိသည့်အခြေအနေနှင့် ဗီဇပြောင်း ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေးလုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည့် အခြေအနေနှင့် ထပ်မံမှာယူထားရှိမှုအခြေအနေ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကာကွယ်ဆေး လစဉ် ၁၀ သန်းခန့် ထပ်မံရောက်ရှိလာမည့်အခြေအနေ၊ ရောက်ရှိလာမည့် ဆေးဝါးများကို အမြန်ဆုံး ထိုးနှံပေးနိုင်ရေးအတွက် အသက်အရွယ်အပိုင်းအခြားအလိုက် သတ်မှတ်ဆောင်ရွက်သွားမည့်အခြေအနေ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကို ဦးစားပေးစာရင်းတွင် ထည့်သွင်းထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

**ဆေးထိုးနှံနိုင်ရေးဆောင်ရွက်**

လက်ရှိ ရောဂါပိုးအတည်ပြုလူနာများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါပိုးကူးစက်ခံရမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် လိုအပ်သည်များ ထောက်ပံ့ပေးအပ်မှုအခြေအနေ၊ ပြည်သူများအားလုံး ကာကွယ်ဆေးပြည့်ဝစွာ ထိုးနှံနိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက် ဆောင်ရွက်နေမှု အခြေအနေ၊ ကာကွယ်ဆေးများရောက်ရှိလာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အချိန်မီ ပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များမှ ကိုဗစ် –၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ဆေးဝါးများ၊ ပစ္စည်းများ ပေးပို့လှူဒါန်းရန် ချိတ်ဆက် ဆောင်ရွက်နေမှုအခြေအနေ၊ နယ်စပ်ဒေသများရှိ ဒေသခံပြည်သူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် Oxygen Plant များမှ တစ်နေ့တာ အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်မှုနှင့် တစ်နေ့တာအတွက် အောက်ဆီဂျင်လိုအပ်မှု အခြေအနေ၊ ပြည်ပနိုင်ငံများမှ Liquid Oxygen များ တင်သွင်းခဲ့မှုနှင့် လက်ရှိအခြေအနေတွင် တင်သွင်းရန် လိုအပ်ချက်လျော့ကျလာမှုအခြေအနေ၊ နေအိမ်တွင် နေထိုင်ရေး (Stay at Home) ထားရှိသည့် မြို့နယ် ၁၂၉ မြို့နယ်မှ ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် မြို့နယ် ၅၃ မြို့နယ်အား ဩဂုတ် ၂၇၊ ၂၈ နှင့် ၂၉ ရက်တို့တွင် Spot Check ဖြင့် ရောဂါ ပိုး စစ်ဆေးခဲ့ရာ ၂၇ ရက်တွင် လူဦးရေ ၆၂၉၂ ဦးကိုစစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၂၀၇၁ ဦး၊ ၁၇ ဒသမ ၀၀ ရာခိုင်နှုန်း၊ ၂၈ ရက်တွင် လူဦးရေ ၁၇၉၃၀ စစ်ဆေးခဲ့ပြီး ရောဂါပိုး တွေ့ရှိသူ ၁၄၇၈ ဦး၊ ၈ ဒသမ ၂၄ ရာခိုင်နှုန်း၊ ၂၉ ရက်တွင် ၃၅၀၇ ဦး စစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၁၇၆၄ ဦး၊ ၅ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်သည့်အတွက် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့ကျလာသည်ကို တွေ့ရှိရသည့်အခြေအနေနှင့် Spot Check ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ Relief Flight များ ပြေးဆွဲ၍ လူပုဂ္ဂိုလ်နှင့် ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေ၊ ပြည်တွင်းလေကြောင်း၊ ရေကြောင်း၊ မော်တော်ယာဉ်နှင့် မီးရထားခရီးစဉ်များအား စဉ်ဆက်မပြတ်ပြေးဆွဲလျက်ရှိသည့် အခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ပြည်ပနိုင်ငံအသီးသီးမှ ကုန်သေတ္တာနှင့် စက်သုံးဆီများဝင်ရောက်နေမှု အခြေအနေ၊ ပြည်ပသို့ ကုန်စည်များ ပို့ဆောင်ပေးနေမှုအခြေအနေနှင့် နယ်စပ်ဂိတ်အသီးသီးမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခဲ့သည့် အခြေအနေ၊ ကိုဗစ်–၁၉ နှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို Telephone message များမှတစ်ဆင့် ပေးပို့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

**ချိတ်ဆက်ဆောင်ရွက်**

ကိုဗစ်– ၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူများထံသို့ လျင်မြန်စွာရောက်ရှိစေရေးအတွက် FDA ထောက်ခံမှုမလိုသည့်ပစ္စည်းများအား ဖြေလျှော့မှုများပြုလုပ်၍ လျင်မြန်စွာ ထုတ်ယူခွင့်ပြုထားသည့် အခြေအနေ၊ FDA ထောက်ခံချက်ရယူရန်လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကိုလည်း လျင်မြန်စွာ ထုတ်ယူရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရောက်ရှိပြီး ဆေးနှင့်ဆေးပစ္စည်းများအား ကုမ္ပဏီအချို့မှ ထုတ်ယူရန်ကျန်ရှိနေမှုနှင့် အမြန်ဆုံး လာရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း သတင်းနှင့် ပညာပေးအစီအစဉ်များ ထုတ်လွှင့်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းရင်းသားဘာသာစကားများနှင့် ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ တောင်းဆိုလာသည့် ကျန်းမာရေးပညာဗဟုသုတများနှင့် အခြားအစီအစဉ်များကိုလည်း ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ။

တပ်မတော်ဆေးရုံများ၊ တိုင်းစစ်ဌာနချုပ်များအလိုက် ပိုးတွေ့လူနာများ၊ တက်ရောက်ကုသမှုအခြေအနေ၊ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် ပိုးတွေ့လူနာများတွေ့ရှိမှု၊ တပ်မတော်ဆေးရုံများအလိုက် Oxygen Plant များမှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှု၊ သုံးစွဲရန်လိုအပ်မှုအခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုများအား စောင့်ကြည့်၍ သုတေသနပြုလုပ်မှု၊ ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ရှိရမှု၊ ကာကွယ်ဆေးအမျိုးအစားများအလိုက် ရောဂါပိုးအား ကာကွယ်ပေးနိုင်မှု၊ ခုခံနိုင်မှုအခြေအနေ၊ တပ်မတော်စက်ရုံ၊ အလုပ်ရုံများမှ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေ၊ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရောဂါကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ နိုင်ငံအတွင်း မြို့နယ်များအလိုက် ကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ ရွှေ့လျားဈေးကားများဖြင့် ပြည်သူလူထုအား ဈေးနှုန်းသက်သာစွာ လှည့်လည်ရောင်းချပေးနေမှုနှင့် ဆက်လက်တိုးချဲ့ ရောင်းချပေးသွားမည့် အခြေအနေ၊ တရုတ်–မြန်မာ နယ်စပ်ဒေသများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြည်ပမှ ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းရောက်ရှိမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ အခြေခံအိမ်သုံးဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ နိုင်ငံအတွင်း ဆေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ဆေးပစ္စည်းများဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ ဆေးဝါးများအား အလွယ်တကူဝယ်ယူနိုင်ရေး အွန်လိုင်းမှတစ်ဆင့် ရောင်းချပေးလျက်ရှိမှုနှင့် ကုမ္ပဏီများ ထပ်မံပူးပေါင်းပါဝင်လာမှု အခြေအနေ၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှု အခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ပြည်ပပို့ကုန်များ တင်ပို့လျက်ရှိသည့် အခြေအနေနှင့် လိုအပ်သည့် အခြေခံစားကုန်သုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရမှုအခြေအနေ။

**စနစ်တကျ စာရင်းပြုစုဆောင်ရွက်**

မိမိတို့နိုင်ငံ၏ ကာကွယ်ဆေးရောက်ရှိမှု၊ ထိုးနှံပေးနေမှုနှင့် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို WHO Website တွင် ထည့်သွင်းဖော်ပြခဲ့သည့် အခြေအနေ၊ IDP Camp များတွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံမှု၊ ရောက်ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှုခံယူမှုတို့ကို စနစ်တကျ စာရင်းပြုစုဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**စဉ်ဆက်မပြတ်လုပ်ဆောင်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်ပနိုင်ငံများမှ မိမိတို့နိုင်ငံသားများအား ပြန်လည်ခေါ်ယူရောက်ရှိနိုင်ရေး ဆောင်ရွက်ခဲ့စဉ် မလေးရှားနိုင်ငံမှ Relief Flight ဖြင့် သွားရောက်ခေါ်ယူခဲ့ရာ၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သူများအား သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ပေါင်းစပ်၍ အမြန်ဆုံးခေါ်ယူနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအသစ်ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများသည် တစ်ပုလင်းလျှင် 5 Dose နှုန်း ဖြစ်သဖြင့် ဆေးထိုးနှံရေးဆောင်ရွက်ကြမည့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတိပြုရန်လိုပြီး နှုန်းထားအလိုက် အတိအကျဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို ဦးစားပေးထိုးနှံသွားရန်နှင့် ထပ်မံရောက်ရှိလာမည့် ဆေးများအား ဒုတိယအကြိမ်ထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းဆေးမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး သုတေသနပြု စမ်းသပ်ဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၅ သို့*

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိ

လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲ ပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆ မနေထိုင်ဘဲ အထူးဂရုပြု နေထိုင်ကြရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထု လက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

- ❒ ရောဂါဖြစ်ပေါ်မှု အခြေအနေများအရ ရှုံးပိတ်ရက် ကြေညာထားသည်ဖြစ်သော်လည်း အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည်များကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ဆောင်နေရမည်
- ❒ ရောဂါကူးစက်ဖြစ်ပေါ်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ကျန်းမာရေးဆိုင်ရာ ဖြေလျှော့မှုများကို လုပ်ဆောင်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်

*စာမျက်နှာ ၄ မှ*

ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းမှုမရှိနိုင်ဘဲ ရေရှည်သွားရမည့် အနေအထားတွင်ရှိသောကြောင့် ရေရှည်သုံးစွဲနိုင်သည်အထိ ရည်ရွယ်၍ စမ်းသပ်သုတေသနပြုမှုများကို မျက်ခြည်မပြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများအား သက်ဆိုင်ရာ ဆိပ်ကမ်း၊ စခန်းများအလိုက် ပစ္စည်းရောက်ရှိသည်နှင့် ထုတ်ဝေဖြန့်ဖြူးနိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ FDA ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ဆေးဝါးများကိုလည်း ဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး မသမာမှုများမရှိစေရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ပြည်ပမှတင်သွင်းနေရသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### ဆေးဆိုင်တွေ သီးခြားနေရာတစ်ခုသတ်မှတ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခြေခံဆေးဝါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံမှု အခြေအနေများနှင့် ပတ်သက်၍ **"ဆေးကုန်သည်ကြီးများအသင်း၊ တချို့ကုမ္ပဏီတွေကနေ တိုက်ရိုက်ရောင်းပေးတာရှိတယ်၊ ရန်ကုန်မှာလည်း ကျွန်တော်တို့ ဆေးဆိုင်တွေ သီးခြားနေရာတစ်ခု သတ်မှတ်ပြီး ရောင်းပေးတာတွေရှိတယ်၊ ဈေးနှုန်းတွေလည်း ကျွန်တော်တို့က သတင်းစာထဲမှာလည်း ထည့်ပေးတယ်၊ ဆေးဈေးတွေ၊ အရေးကြီးတဲ့ ဆေးတွေပေါ့။**

**အဲဒီတော့ ဘာပဲပြောပြော ဆေးနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့ လက်ဝယ်မှာ အတိုင်းအတာတစ်ခုထိ၊ အဆင်ပြေသွားပါတယ်။ ဒီအတွက်ကြောင့် ဒီဆေးနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းကို ကျေးဇူးတင်တဲ့အကြောင်း ကျွန်တော် ပြောလိုပါတယ်၊ သူတို့တွေ တကယ်ကို စေတနာထားပြီး လုပ်ပေးပါတယ်၊ အကျိုးအမြတ်ထက် ပြည်သူ့အတွက် အထောက်အကူရအောင်ဆိုပြီးတော့ လုပ်ပေးတာပေါ့၊ စီးပွားရေးဆိုတာကတော့ အကျိုးအမြတ်ရှိမှ လုပ်ချင်မှာပေါ့၊ သို့သော်လည်း ဒီဟာက အကျိုးအမြတ်က အဓိကမဟုတ်ဘဲနဲ့ကို လက်ဝယ်ကို ဈေးနှုန်းမှန်မှန်နဲ့ မြန်မြန်နဲ့ လုပ်ပေးတယ်၊ စေတနာနဲ့ လုပ်ပေးတဲ့ကိစ္စရပ်ဖြစ်ပါတယ်၊ အဲဒါကြောင့် သူတို့ကို ကျေးဇူးတင်ကြောင်း ကျွန်တော် ပြောလိုပါတယ်။**

### ကြပ်ကြပ်မတ်မတ် စစ်ဆေး

**ဒီကိုဗစ်ရောဂါတွေ့ရှိမှုနဲ့ ပတ်သက်ပြီး ကျလာတယ်လို့ပြောတယ်၊ ကျွန်တော်တို့က Figure လည်း တစ်ချက်ကြည့်တာပေါ့၊ စစ်ဆေးတဲ့ အရေအတွက်၊ နောက် တွေ့တဲ့အရေအတွက် Percentage ၊ ကျွန်တော်တို့က ဒီဘက်က တွေ့တဲ့အရေအတွက်ကို ကြည့်တယ်၊ အဓိကကတော့ ဘာလဲဆိုတာကတော့ Field တွေမကျန်ဖို့လိုတယ်၊ ခုနက ကျန်းမာရေးဝန်ကြီးလည်း ဆွေးနွေးတဲ့အထဲမှာ ပါပါတယ်၊ Contact Person တွေပေါ့၊ Contact Person မဟုတ်ဘဲ သူတို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် ပတ်သက်နေတဲ့သူတွေရှိတယ်၊ တချို့လည်း အိမ်မှာပြန်ပြီးနေကြတယ်၊ စောစောကကျွန်တော် ပြောလိုက်တယ်၊ ဥပမာအားဖြင့်- နယ်စပ်ဒေသမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်း တချို့ဒေသတွေမှာ ရွာတွေပြန်နေကြတယ်၊ ဘာမှမပြောဘူး၊ ဖြစ်ခါမှ အကုန်လုံးက ဖြစ်ပွားတဲ့နှုန်းက တအားများလာတဲ့အခါကျမှ၊ စစ်ကြည့်တော့ အကြောင်းအမျိုးမျိုးနဲ့ ပြန်ရောက်လာတဲ့သူတွေက သတင်းမပို့တာ၊ မစစ်ဆေးတာတွေ တွေ့တယ်၊ ဒါကြောင့် ဒါတွေကိုလည်း ကြပ်ကြပ်မတ်မတ် စစ်ဆေးနိုင်ဖို့လိုပါတယ်၊ အရေးကြီးတာက စစ်ဆေးမှုနယ်ပယ်တွေမှာ မကျန်ဖို့ လိုတယ်၊ များများစစ်ပြီးတော့ အဖြေများများသိမှသာ ကျွန်တော်တို့က ကိုဗစ်ထိန်းချုပ်ရေးအတွက် အကျိုးရှိလိမ့်မယ်လို့ ကျွန်တော် ပြောခဲ့ဖူးပါတယ်၊ များများစစ်ဖို့လိုတယ်"** ဟု ပြောကြားသည်။

### နည်းစနစ်တကျ ဆောင်ရွက်

ဆက်လက်ပြောကြားရာတွင် ထိုကဲ့သို့ ဆေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရှည်စွာဖြင့် နည်းစနစ်တကျ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သောသူများသည် အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ် ခံယူရမည်ကို ကြောက်ရွံ့ထိတ်လန့်မှုများရှိသဖြင့် စစ်ဆေးမှုခံယူသူများကိုလည်း ကြောက်ရွံ့မှုမရှိစေရန် နားလည်သဘောပေါက်အောင် ရှင်းပြပေးရမည်ဖြစ်ကြောင်း၊ ဆေးစစ်မှုလုပ်ငန်းများသည် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရေး လုပ်ဆောင်ပေးသည့် လုပ်ငန်းဖြစ်သဖြင့် စစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သူများ မကျန်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဗီဇပြောင်းရောဂါပိုးသည် ဖြစ်ပွားမှုနှုန်းမြန်ဆန်ပြီး သေဆုံးမှုများသည့်အတွက် ပေါ့ဆစွာဖြင့် နေထိုင်သွားလာမှုများမရှိစေရေး ကျန်းမာရေးအသိပညာပေးသည့် လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပွားသည့် လက္ခဏာများကို ရုပ်ကွက်၊ ကျေးရွာများအတွင်း လိုက်လံဆော်ဩရာတွင်လည်း အချက်အလက်တိကျစွာဖြင့် အသိပညာပေးရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားများတွင် ဖော်ပြပေးရာ၌ နှုတ်ဖြင့်သာမက စာဖြင့်ပါ ဖော်ပြပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုနှင့် ပတ်သက်ပါက မှန်ကန်သည့် အသိပညာများရရှိအောင် လုပ်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

### ဖြေလျှော့မှုများကို လုပ်ဆောင်

ကိန်းဂဏန်းအချက်အလက်များအရ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာပြီး အဆိုပါအချက်အလက်များသည် မှန်ကန်ခိုင်မာမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့နည်းလာမှသာလျှင် တင်းကျပ်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယလှိုင်း၌ ရောဂါကူးစက်မှုနှုန်းလျော့ကျစဉ် ပေါ့ဆစွာဖြင့် နေထိုင်သွားလာခဲ့ခြင်းကြောင့် တတိယလှိုင်းဖြစ်ပွားစဉ် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စက်ရုံ၊ အလုပ်ရုံများကို စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်ပေါ်မှုအခြေအနေများအရ ရုံးပိတ်ရက် ကြေညာထားသည်ဖြစ်သော်လည်း အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည်များကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ဆောင်နေရမည်ပင်ဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပေါ်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ကျန်းမာရေးဆိုင်ရာ ဖြေလျှော့မှုများကို လုပ်ဆောင်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့် ပတ်သက်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောက်ရှိလာမည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် ထိုးနှံပေးနိုင်ရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးနေရသူများ၏ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသာမက ဒေသခံပြည်သူလူထုကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သဖြင့် ပြည်ပမှတင်သွင်းရန် အမှန်တကယ် လိုအပ်မှသာ အရန်အနေဖြင့် တင်သွင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် စီမံခန့်ခွဲမှုကောင်းစွာဖြင့် လုပ်ငန်းအောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တော်သလင်းလနှင့် ချစ်စရာမြန်မာ့ဓလေ့ လှေပြိုင်ပွဲတော်

လွန်းပိုးအိမ်

**ရာသီအငွေ့နှင့် ရွာဓလေ့ကို အောက်မေ့တသ ပြန်လည်သတိရမိပါ၏။ ဘယ်မြို့၊ ဘယ်ဌာနေ၊ ဘယ်အရပ်ဒေသမှာ နေထိုင်လို့ အနေကြာသည်ဖြစ်စေ ကိုယ့်မြေ၊ ကိုယ့်ယာ၊ ကိုယ့်ရွာဓလေ့ကို အမြဲလိုလို အကြောင်းတိုက်ဆိုင်မှုရှိတိုင်း လွမ်းတသသ ရှိနေသည်မှာတော့ စာရေးသူတို့လို ရွာသူ ရွာသားတိုင်း၏ အလိုအလျောက် ဖြစ်ပေါ်လာသည့် နှလုံးသားအလိုဆန္ဒပင် ဖြစ်ပါသည်။**


ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

မိမိ၏ရွာဓလေ့ကို အောက်မေ့သတိရမိတိုင်း ဆယ့်နှစ်လရာသီ သီချင်းလေးကို ညည်းတွားမိပါသည်။ ဆယ့်နှစ်လရာသီ သီချင်းတွင် "ကန်ရာသီ တော်သလင်းမှာ... မျှော်ရင်း... ကျွန်မဖြင့် လွမ်းရပါသည်" ဟူသော မျှော်တော်ယောင်သီချင်းလေးကို ညည်းတွားမိသည်။

တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လ ဖြစ်ပါသည်။ တော်သလင်းဟု ခေါ်ဆိုရခြင်းမှာ တော်သလံ (နှစ်သက်ဝမ်းမြောက်ခြင်း) ဟူသော ပါဠိဝေါဟာရအရ ဤလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၍ လယ်သမားတို့၏ စိတ်ဘဝင်ကို ကျေနပ်ကြည်နူးစေသောကြောင့် တော်သလင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

တော်သလင်းလတွင် 'တော်' မှာ အမြင့်ကောင်းကင်ဖြစ်၍ "သလင်း" မှာ သာလင်းသာယာထွန်းလင်းခြင်းဖြစ်၏။ တော်သလင်းဟူသည်မှာ ကောင်းကင်တွင် မိုးသားမိုးတိမ်များကင်းစင်၍ ကြည်လင်သာယာလျက်ရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "တော်သလင်းကို မြစ်တွင်း သင်ဖြူးခင်း" ဟူသည့် ရှေးဆိုရိုးစကားနှင့်အညီ တော်သလင်းတွင် ရေစီးအဟုန် ညင်သာ၏။ မြစ်တွင်းသာ၍ သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ခြင်းဖြစ်သည်။

ပုဂံခေတ်နှင့် အင်းဝခေတ်ထိုး ကျောက်စာတို့တွင် တော်သလင်းကို သစ်ဆင်းလဟု ခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရဘဲ သစ်ဆင်းဟူသော စကားလုံးကို အင်းဝခေတ်ကဗျာတို့တွင် ရေးဦးစွာ တွေ့ရ၏။ ကျောက်စာများတွင် ဟံသာဝတီဆင်ဖြူရှင်လက်ထက် ရောက်မှသာ တွေ့ရ၏။ တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက် ရှေးကျသည်။

တော်သလင်းလသည် မိုးလယ်လဖြစ်သောကြောင့် အထက်အာကာတစ်ခွင်တွင် မိုးသားမိုးတိမ်တို့ဖြင့် ညို့မှိုင်းအုံ့ဆိုင်းနေပါသည်။ တစ်ခါတစ်ရံဝယ် အာကာယံတွင် တိမ်သဘင်ဆင်ယင်နေပြီး မှောင်တစ်ခါ၊ ပြာတချို့၊ ညိုတစ်လီ၊ ရည်တစ်ဖုံ ရှိနေသည်။ တိမ်ဂဠုန်တို့မှာ မာန်ဟုန်ပြကာ စစ်ခင်းနေတတ်ပါသည်။

နေရောင်ခြည်သည် မှိတ်တုတ်မှိတ်တုတ်နှင့် မလင်းတစ်လှည့်၊ လင်းတစ်လှည့် ဖြစ်နေချိန်၊ မိုးသားများကြားတွင် ပုန်းကွယ်နေသော သူရိန်နေမင်းမှာ ပေါ်ထွက်လာသည်။ တော်သလင်းလတွင် နေရှိန်ပြင်းသကဲ့သို့ မိုးများလည်း လယ်ကန်သင်းကျိုးအောင် သည်းထန်စွာ ရွာတတ်သည်။

မိုးဆယ့်နှစ်မျိုးဖွဲ့တွင် "တော်သလင်းမိုး ကန်သင်းကျိုး၊ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ၊ တော်သလင်းဆီးနှင်းတစ်ပြိုက် မိုးတစ်ပြိုက်" ဟု စာဖွဲ့သလို "တော်သလင်းနေပုစွန်သေ" ဟူသော စကားအတိုင်း ငါးငယ်၊ ပုစွန်ငယ်ကလေးများပင် သေလောက်အောင် ပူပြင်းတောက်ပနေသည်မှာ ပြောစမှတ်တွင်သည်။

တော်သလင်းလတွင် "ကန်ဆင်းမိုး" သည် ထူးခြားစွာ ရွာချသည်။ တနင်္ဂနွေ ဂြိုဟ်မင်းသည် သိန် (သိမ်) ရာသီမှ ကန်ရာသီသို့ ပြောင်းဝင်ဆင်းသက်ရာမှ ကန်ဆင်းမိုးခေါ်ဝေါ်ကြောင်းကို-

> **"ထောင်ခြည်ထိန်လင်း၊ တိမ်ကယွင်း၍၊**
> **လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုးဟု၊**
> **ကြိုးကစွေသွန်၊ မေဃဝန်သို့......" ။**
> **(အဘိရူပကပျို့)**

ကန်ဆင်းမိုးသည် သကြံန်အတက်နေ့မှ လွန်မြောက်သောနေ့တွင် ရွာသွန်းမြဲဖြစ်သည်။ ကန်ဆင်းမိုးရွာမည့်ရက်ကို နှမ်းကြီးကြဲရန်အတွက် လယ်သမားများ မှတ်သားကြသည်။ ၎င်းတို့အတွက် အဓိကကျသော မိုးဖြစ်သည်။ "ရာငါးဆယ့်လေး၊ မဝေးသန်ျာ၊ ပဒုံကြာနှင့် ရင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလ ဟူကုန်ကြ၏" ဟု မန်လည်ဆရာတော်ဘုရားကြီးက မာဃဒေဝလင်္ကာသစ်၌ ဖွဲ့ဆိုတော်မူခဲ့ပါသည်။

ဤရာသီတွင် မြစ်ရေများဖွေးဖွေးလှုပ်၍ ကမ်းပြည့်သည်အထိ လျှံတက်ကျနေသည်။ ကိုင်းပင်များလည်း ဖွေးဖွေးလှုပ်ကာ အဖူးအပွင့်များ ဝေဆာလျက် လွမ်းစရာ့ပန်းချီသဖွယ် သရုပ်ဖော် ဖော်ကျူးထားပုံကို-

> **"ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင်းမာလှိုင်က**
> **မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား"** ဟူ၍

ဆည်သည်ရွာစား ဦးအောင်ကြီး၏ ရာသီဖွဲ့ လူးတားကဗျာအရ ရင်းမာပန်းကို ရာသီပန်းအဖြစ် သတ်မှတ်ခဲ့ကြသည်။ အခြားပန်းများ ဖြစ်သော ပုန်းညက်ပန်း၊ ခတ္တာပန်းတို့လည်း ဖူးပွင့်နေပါသည်။ တော်သလင်းလ၏ သဘာဝအခြေနေနှင့် ယင်းမာပန်းနံ့ မွှေးပုံကလေးကို နန်းတွင်းသူ မယ်ခွေက ချစ်စရာကောင်းအောင် ရေးဖွဲ့ပုံမှာ "မင်းလွင်ငယ်မှာ တလှည့်၊ မသာစနိုး စိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှည့်နှင့်၊ အိုဘယ့်ရာသီ၊ လည်ပြောက်လည်လှုပ်၊ ပဲတောင်းပြုတ်နှင့် ဗုတ်ဇီဝဖိုး၊ တောင်တံရိုးက၊ ချစ်ကြိုးမပျက်၊ လည်ချင်းယှက်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီပင်မြင့်နန်းက၊ ပန်းယင်းမာမွှေး ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

တော်သလင်းလတွင် လေပြင်းမုန်တိုင်းကျရောက်ခြင်းမရှိ၊ ရေပြင်ဝယ်ရေစီးမသန်၊ လှိုင်းမထန်ပြီ။ "တော်သလင်း၊ မြစ်တွင်း၊ သင်ဖြူးခင်း" ပြီတည်း။ မြစ်ရေပြင်သည် သင်ဖြူးခင်းထားသကဲ့သို့ ညီညာပြန့်ပြူးနေပါသည်။

## လှေသဘင်ပွဲ ဆင်နွှဲ

တောင်သူလယ်သမားများသည်လည်း စိုက်၍ပျိုး၍ပြီးစပြုသော အချိန်ဖြစ်သောကြောင့် လှေငယ်များကို ပြင်ကာ၊ ဖာထေးကာဖြင့် တက်ရေးပြင်ကြရပြန်သည်။ မြစ်ရေပြင်ကျယ်ဝယ် လှေအသွယ်သွယ်တို့ လှေသဘင်ပွဲ ဆင်နွှဲကြတော့မည်။ ဦးယာ၏ တော်သလင်းလဖွဲ့ လူးတားတွင်မူ-

> **ပန်းရွှေယင်းမာ၊ လှိုင်စွာပျံ့သင်း၊**
> **တော်သလင်းဟု၊ မြစ်တွင်းသဘင်၊**
> **လှေပွဲဆင်၍၊ လက်သင်လှော်ကား၊**
> **ရွှေလှေများကို၊ ကစားလူးလာ၊**
> **စုန်ကာဆန်လျက်"** ဟု ရေးဖွဲ့ထားလေသည်။

ရှေးမြန်မာမင်းများ လက်ထက်တွင် ရေတပ်မတော်သည် စစ်ရေးစစ်ရာတွင် အဓိကအားကိုးအားထားပြုရသည်။ ရေတပ်မတော်သားများကို လက်ရွေးစင် စစ်သည်များဖြင့် ဖွဲ့စည်း၍၊ ရေတပ်မ တော်ကို လှေဖောင်ယာဉ်များဖြင့် ဖွဲ့စည်းခဲ့သည်။ ရေတပ်သားတစ်ဦး ဖြစ်လာ၍ အောင်ပွဲအလီလီ ရယူခဲ့ရသည်။ ရေတပ်သားတစ်ဦး၏ အရည်အချင်းမှာ မြင့်မားလှသည်။ တိုက်ပွဲပေါင်း မြောက်မြားစွာ အောင်နိုင်ပြီးသူဟု တင်စားခေါ်ဝေါ်နိုင်သည်။ လှေတပ်ကိုလည်း နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင်လည်းကောင်း အသုံးပြုခဲ့ကြသည်။

လှေပွဲသဘင်ကို မြန်မာမင်းများ နှစ်သက်မြတ်နိုးကြသည်။ ဘုရင်ကိုယ်တိုင် ဦးဆောင်၍ ကျင်းပလေ့ရှိသည်။ လှေပွဲသဘင်ကို လှေအမျိုးအစားအလိုက် ခွဲခြားပြုလုပ်၍ ပြိုင်ကြသည်။ ကြည့်ရှုအားပေးကြသော ပရိသတ်များက အိုးစည်ဗုံမောင်းများ တီးမှုတ်ကခုန်၍ ပျော်ရွှင်မဆုံး ရှိကြသည်။

> ❑ **တော်သလင်းလတွင် မြန်မာ့ရိုးရာ အားကစားတစ်ရပ်ဖြစ်သော လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပခြင်းသည် ထူးခြားမှုရှိသည်။ လှေပြိုင်ပွဲကြောင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်း၊ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ဖွဲ့သတ္တိနှင့် လုံ့လဝီရိယရှိခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်**

## အကျိုးကျေးဇူးများ ရရှိ

တော်သလင်းလတွင် မြန်မာ့ရိုးရာအားကစားတစ်ရပ်ဖြစ်သော လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပခြင်းသည် ထူးခြားမှုရှိသည်။ လှေပြိုင်ပွဲကြောင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်း၊ ကိုယ်လက် ကြံ့ခိုင်ခြင်း၊ ဖွဲ့သတ္တိနှင့် လုံ့လဝီရိယရှိခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

လှေနှင့်ပတ်သက်၍ မြန်မာစကားပုံများလည်းရှိသည်။ လှေခွက်ချည်းကျန်၊ အလံမလှဲ၊ လှိုင်းကြီးလှေအောက်၊ လှေအဆင်းမြင်းအတက်၊ လှေနံနှစ်ဖက်နင်း၊ မရဲဘဲနဲ့ လှေကွဲကြီးကိုစီး၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ကျော်တော့လှေသူကြီး၊ ညား တော့ လှေထိုးသား၊ လှေနံဓားထစ်၊ ရေစုန်မှာ လှေကြုံစီး၊ လှေကြီးထိုး ရိုးရိုး စသည်တို့မှာ မှတ်သား စရာကောင်းလှသည်-

> **လှေဦးလန် ရွှက်စုံမော့နဲ့**
> **စုန်ရော့ကွယ်လေး...**
> **စုန်ရော့ကွယ် မဆိုထိုက်တယ်**
> **လွမ်းခိုက်မို့လေး ...။**

အထက်ပါ အမည်မသိ စာဆိုရှင်၏ လှေနှင့်ပတ်သက်သော ကဗျာလေးမှာ ချစ်စရာကောင်းသလို တော်သလင်းလနှင့် လှေပြိုင်ပွဲအကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့၊ ရန်ကုန်မြို့တော်ခန်းမ လူထုအစည်းအဝေးတွင် မိန့်ကြားခဲ့သော သမိုင်းဝင်မိန့်ခွန်းများထဲမှ လှေပြိုင်ပွဲနှင့် ပတ်သက်၍ ကျောင်းကုန်းမြို့ ဒါးက ဆိပ်ကမ်း၌ ကျင်းပခဲ့သော လှေပြိုင်ပွဲတွင် ပြိုင်ဘက်လှေထက် ရှေ့နည်းနည်းရောက်သည်နှင့် တက်ထောင်သည့်ကိစ္စဖြစ်၏။ စင်စစ်ပန်းဝင်သေးတာ မဟုတ်ပါ။ နောက်ကျသည့် လှေကလည်း ပန်းတိုင်မရောက်ခင် ကြိုးစားလျှင် ရနိုင်ပါသေး၏။ မကြိုးစားတော့ဘဲ ရှုံးတော့မှာပဲဆိုပြီး ထပ်မံမလှော်ခတ်တော့ဘဲ ခြေပစ်လက်ပစ် စိတ်ဓာတ်ကျသည့် ကိစ္စဖြစ်သည်။ ထိုကိစ္စမျိုးသည် တိုင်းပြည်ထူထောင်ရာတွင် လွတ်လပ်သည့်လူမျိုးနှင့် ထိုက်တန်သည့် စိတ်ဓာတ်မျိုး မဟုတ်ဟု ထောက်ပြခဲ့ပါသည်။

## မျိုးဆက်သစ်များ လက်ဆင့်ကမ်း

ယခုအခါ တော်သလင်းလတွင် သတ်မှတ်ကျင်းပသော လှေပွဲသဘင်ဟူ၍ မရှိတော့ချေ။ အရပ်ဒေသအလိုက် သင့်လျော်ရာလတွင်သာ သတ်မှတ်ကျင်းပသော လှေပြိုင်ပွဲများသာ ရှိနေဆဲပင် ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရလျှင် တော်သလင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီအတွက် ဘာသာရေးဆိုင်ရာ ပွဲများမရှိသော်လည်း မြစ်ချောင်း၊ အင်း၊ အိုင်ရှိသော မြို့ရွာ၊ ကျေးလက်ဒေသများသည် လှေပြိုင်ပွဲများကို တတ်နိုင်သမျှ၊ စွမ်းဆောင်နိုင်သမျှ၊ ဆင်ယင်ကျင်းပလျက် ရှိပါသည်။ စည်းလုံးမှု၊ တက်ကြွမှု၊ အနိုင်မခံ အရှုံးမပေးမှုများနှင့် ပြည့်စုံသော တော်သလင်းလနှင့် ချစ်စရာ မြန်မာ့ဓလေ့ လှေသဘင်ပွဲတော်များကို မျိုးဆက်သစ်များက လက်ဆင့်ကမ်းနိုင်ကြပါစေ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းများ၊ စတူဒီယိုခန်းမများ၊ သတင်းခန်းများ၊ နိုင်ငံတော်ဆိုင်းဝိုင်းနှင့် သံစုံတီးဝိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

### နိုင်ငံတော်ဘက်မှရပ်တည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ ဌာနခွဲအသီးသီးမှ တာဝန်ရှိသူ အရာထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အဆက် အစဉ်အလာကောင်းများဖြင့် သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့် နိုင်ငံရေးအခင်းအကျင်းများကြားတွင် နိုင်ငံတော်ဘက်မှရပ်တည်၍ ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ဝန်ဆောင်မှုပြုနေသည့် ဌာနကြီးတစ်ခုလည်းဖြစ်ကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သမားရိုးကျနည်းလမ်းများဖြင့် ဆောင်ရွက်၍မရဘဲ ပြောင်းလဲနေသည့် လူမှုဝလေ့စရိုက်များ၊ ပြည်သူများ၏ သိမြင်ခံစားမှုများ၊ မိမိတို့ မြန်မာလူမျိုးများ၏ "စံ" တန်ဖိုးထားရှိမှုများ၊ တိုးတက်လာသည့် နည်းပညာရပ်များအပေါ် အခြေခံ၍ ပိုမိုသစ်လွင်ကောင်းမွန်စေရေး တီထွင်ကြံဆလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအား မီဒီယာနည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးရာတွင် သမားရိုးကျလုပ်နည်းလုပ်ဟန်ဟောင်းများဖြင့် ဝန်ဆောင်မှုပေးနေပါက အောင်မြင်မှု မရနိုင်ပါကြောင်း။

ယနေ့ (၂၁) ရာစုတွင် မီဒီယာလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာရပ်များအပေါ် အခြေခံ၍ အမြဲဆန်းသစ်တီထွင် ထုတ်လွှင့်တင်ဆက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် စိန်ရတုကာလတိုင်အောင် လုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရုံး စတူဒီယိုအတွင်း ရိုက်ကူးနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

### အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားတွင် **"မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကိုသာမက လူတို့၏ စိတ်နှလုံးကို တက်ကြွအောင်(Motivation) လုပ်ပေးနိုင်ကြောင်း၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖြစ်စေလိုသည်"**ဟု လမ်းညွှန်ခဲ့ပါကြောင်း။

မိမိတို့လက်ထက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ပိုမိုဆန်းသစ်၍ ပြောင်းလဲထုတ်လွှင့်ပေးရန် အတူတကွ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လွှင့်တင်ဆက်ရာတွင် ပြည်သူလူထုအတွင်း၌ သာမန်ထက်ပို၍ ဖြစ်ပေါ်နေသော နာကြည်းမှုများ၊ မုန်းတီးမှုများ၊ စိတ်သောကရောက်နေမှုများကို ပြေပျောက်စေပြီး ပျော်ရွှင်အေးချမ်းသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အနုပညာရပ်များ၊ မီဒီယာနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့မှတစ်ဆင့် ပြည်သူများ အသိမှန်၊ အတွေးမှန်၊ အလုပ်မှန်၍ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကျိုးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

### ကြိုးစားဆောင်ရွက်

ယနေ့အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များနှင့် မသမာသူလူအချို့၏ ခြိမ်းခြောက်၊ အကျပ်ကိုင်၊ နှောင့်ယှက်မှုများကြောင့် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်များ၌ ထိခိုက်နစ်နာမှုများ ကြုံတွေ့နေကြသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိရပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် စာပေ၊ ရုပ်ရှင်၊ ဂီတနှင့် သတင်းမီဒီယာလောကအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သဖြင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများ ပြေပျောက်ရန် တက်ညီလက်ညီ ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် ဝန်ထမ်းများက မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ စတူဒီယိုများတွင် တေးသီချင်းနှင့် အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မှုများကို လည်းကောင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီး၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ နိုင်ငံတော်သံစုံတီးဝိုင်း၏ လေ့ကျင့်မှုနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့၏ လေ့ကျင့်မှုကိုလည်းကောင်း၊ ဓာတ်ပြားတိုက်တွင် ဓာတ်ပြားများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မီတာ ၂၀၀၊ မီတာ ၁၀၀ တာဝါများနှင့် ရိုက်ကူးထုတ်လွှင့်ရေးများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တွေ့ဆုံဆွေးနွေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များ၊ ဂီတအနုပညာရှင်ကြီးများနှင့်တွေ့ဆုံ၍ ဂီတလောကသားများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရေးကိစ္စများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံနှင့် FM ရေဒီယိုစီစဉ်ထုတ်လွှင့်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းတို့နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ခံကျောင်းအုပ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ အေးချမ်းစွာ ပညာသင်ကြား သင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်း၌ လိုအပ်ချက်များရှိပါက စနစ်တကျတင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး အရည်အသွေးတိုးတက်ကောင်းမွန်ရန် အမြဲကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးမိသားစုများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများရှိပါက သတင်းပို့တင်ပြကြရန်နှင့် လိုအပ်ချက်များ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဆောင်အတွင်းရှိ စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်းများ၊ အားကစားရုံ၊ အားကစားခန်းမများ၊ ဘောလုံးကွင်းများကို လိုက်လံကြည့်ရှုစစ်ဆေး၍ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ အားကစားရုံ၊ ဘောလုံးကွင်း၊ ပြေးလမ်းပတ်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဥပဓိရုပ်




ကောင်းမွန်ရေးနှင့် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးတို့ကို မှာကြားသည်။ ယင်းနောက် အဆိုပါကျောင်း ဆောင်အတွင်း၌ ပြုလုပ်သော အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၆ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

### ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs) အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၇ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

### ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ သီတာဦး အား ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၈ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

### ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင်အား ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကရင်ပြည်နယ်အစိုးရအဖွဲ့ အောက်ဆီဂျင်စက်ရုံမှ နေ့စဉ် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၁၀၀ ကျော် အခမဲ့ဖြန့်ဖြူးပေးလျက်ရှိ

**ဘားအံ ဩဂုတ် ၃၀**

ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လှာကမြင် (ကွက်သစ်) အောက်ဆီဂျင်စက်ရုံမှ နေ့စဉ် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၁၀၀ ကျော်ကို အခမဲ့ ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးပေးရာတွင် ပြည်နယ်အတွင်းရှိပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများ၊ မော်လမြိုင်နှင့် ဘားအံစစ်ဆေးရုံ၊ ကိုဗစ်ကုသရေးစင်တာများကို ဖြန့်ဖြူးပေးလျက်ရှိသကဲ့သို့ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များမှ တစ်ဆင့် ဒေသခံတိုင်းရင်းသား ပြည်သူများထံ ဖြန့်ဖြူးပေးလျက်ရှိပြီး ပိတ်ရက်မရှိ ၂၄ နာရီ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့ အောက်ဆီဂျင်စက်ရုံကို ဝန်ထမ်း ခုနစ်ဦး အဆိုင်း နှစ်ဆိုင်းဖြင့် နေ့စဉ် လည်ပတ်လျက်ရှိပြီး ၅ နာရီမောင်း တစ်နာရီနား စနစ်ဖြင့် ၂၄ နာရီလည်ပတ်၍ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စည်ပင်သာယာရေး အဖွဲ့၏ အုပ်ချုပ် ထောက်ပံ့မှုတို့ဖြင့် အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် မှာယူထားသည့် ရွှေ့လျား မိုဘိုင်းအောက်ဆီဂျင်စက် နှစ်လုံးအနက် တစ်ရက်လျှင် လီတာ ၄၀ ဆလင်ဒါအိုး ၈၀ မှ ၁၀၀ ကြား ထုတ်လုပ်နိုင်သည့် Mobile Oxygen Plant တစ်လုံး ထပ်မံရောက်ရှိနေပြီး မကြာမီ လည်ပတ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**စစ်တွေ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ တိုက်ပွဲရှောင်စခန်းများမှ အသက် ၆၅ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



အမှတ်(၂) အခြေခံပညာကျောင်းတွင် စစ်တွေမြို့ပေါ်ရှိ ကယုချောင်း၊ အမျိုးသား၊ ယောသိတာရုံ၊ ဒကျွှေင်း၊ မဏိရတနာ၊ သုခိတာရုံ၊ ဓမ္မာရာမ၊ ဘုရားသိမ်၊ ဝိဘဇ္ဇဝါဒီ၊ နန်းရွှေဂူနှင့် ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်းများတွင် နေထိုင်နေကြသည့် တိုက်ပွဲ ရှောင်ပြည်သူများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ကျန်တိုက်ပွဲရှောင်စခန်းများမှ ဒေသခံပြည်သူများကိုလည်း သတ်မှတ်နေ့ရက်များတွင် ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။

အလားတူ စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ စစ်တွေတက္ကသိုလ် (ဘုမေ) အားကစားရုံ၊ အခြေခံပညာ အထက်တန်းကျောင်း (ပါဒလိပ်) နှင့် သဲချောင်းကျေးရွာရှိ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံတို့တွင် အသက် ၆၅ နှစ်နှင့်အထက် အသက် အရွယ်ကြီးရင့်သူများ၊ လူမှုရေး အဖွဲ့အစည်းများမှ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

စစ်တွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်တွင် လူဦးရေ ၁၁၉၁၄ ဦးအား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယမန်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူခဲ့သည့် အောက်ဆီဂျင်စက်သည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိသည်။

အောက်ဆီဂျင်စက် ရောက်ရှိပြောင်းရွှေ့တပ်ဆင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစက်မှာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီးအလုံး ၂၆၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်ကို စတင်တပ်ဆင်လျက်ရှိပြီး စမ်းသပ်ထုတ်လုပ်မှုများ ပြီးစီးပါက စက်တင်ဘာ ၁ ရက်တွင် အောက်ဆီဂျင်များ ထွက်ရှိလာမည် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၃၀

**ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီနှင့် ပဲလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် မဏိဇောတိက ကျွဲရှင်းကျောင်းတိုက်၌ ကျင်းပသည်။**

ယင်းအခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဒုမ အမှူးပြုသော ဆရာတော်ကြီး သုံးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

အဆိုပါ လှူဒါန်းပွဲတွင် ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၃၀၁ ပါးတို့ကို ဆွမ်းဆန်တော် အိတ် ၃၀၊ ဆီပိဿာ ၉၀၊ ပဲ ၁၂ အိတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကာလများအတွင်း ရဟန်း၊ သာမဏေ၊ သီလရှင်များ ဆွမ်းကွမ်း အဆင်ပြေစေရန်အတွက် နေပြည်တော်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများအတွင်း ဘုန်းတော်ကြီး ကျောင်းပေါင်း ၂၃၆ ကျောင်းနှင့် သီလရှင် ၁၈ ကျောင်းတို့အတွက် ဆွမ်းဆန်တော် အိတ် ၁၀၂၇ အိတ်တို့ကို လည်းကောင်း၊ ဩဂုတ်လတွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်း ၆၀ နှင့် သီလရှင်ကျောင်း ၁၃ ကျောင်းတို့၌ သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၂၆၀၇ ပါးနှင့် သီလရှင် ၉၈၇ ပါးတို့အတွက် ဆွမ်းဆန်တော် ၃၅၉ အိတ်၊ ဆီ ၁၀၇၇ ပိဿာ၊ ပဲ ၁၄၄ အိတ်တို့ကို လည်းကောင်း။

**ဆွမ်းပဒေသာပင် လှူဒါန်း**

မန္တလေး တိုင်းဒေသကြီး အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၀၇ တိုက်မှ ရဟန်းသာမဏေ ၆၇၆၄ ပါးနှင့် သီလရှင် ၁၁၁ ပါးတို့ကို ဆွမ်းဆက်ကပ်နိုင်ရန် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၇၀၀၊ ဆွမ်းဆန်တော် အိတ် ၂၂၄ အိတ်၊ ဆီ ပိဿာ ၆၇၀၊ ပဲ ၆၈ အိတ်တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၀ တိုက်မှ ရဟန်းသာမဏေ အပါး ၁၉၅၀ အတွက် ဆွမ်းဆက်ကပ်နိုင်ရန် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၇၀၀ လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ပို့ဆောင်ဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၃၀

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ... ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ ကာကွယ်ဆေး သိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါ ကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ဆေးအလုံးရေ ၃၉၄၀၊ ထားဝယ်မြို့သို့ ၄၆၆၉ လုံး၊ ကော့သောင်းမြို့သို့ ၉၄၀၊ ချင်းပြည်နယ် ကန်ပက်လက်မြို့သို့ ၈၈ လုံး၊ မင်းတပ်မြို့သို့ ၃၃၄ လုံး၊ တီးတိန်မြို့သို့ ၅၆၈ လုံး၊ တွန်းဇံမြို့သို့ ၂၀၈ လုံး၊ ဟားခါးမြို့သို့ ၃၃၆ လုံး၊ ထန်တလန်မြို့သို့ ၃၂၆ လုံး၊ ဖလမ်းမြို့သို့ ၃၂၆ လုံး၊ မတူပီမြို့သို့ ၃၆၃ လုံးနှင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ အလုံး ၁၄၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ကာကွယ်ဆေးအလုံးရေ ၃၄၈၉၄ လုံး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ၄၇၃၂၄ လုံး၊ နေပြည်တော်ကောင်စီ နယ်မြေသို့ ၅၉၂၂ လုံး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ အလုံး ၈၂၇၀ နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ၆၇၅၃ လုံးတို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၈-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Supportive** | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720 802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နမ္မားမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာသို့ အောက်ဆီဂျင်အိုးနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၃၀

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက် အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာရှိ လူနာများအတွက် အောက်ဆီဂျင်အိုး အလုံး ၂၀၊ Oxygen Flow Meter ငါးခု၊ Surgical Mask ၂၄၀၀၊ PPE ဝတ်စုံ ၅၀ နှင့် Test Kit ၂၀၀ တို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းကျဆင်းလာစေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါစို့

နန္ဒာတိုး

**ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါပိုးကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ပထမဆုံး စတင်တွေ့ရှိခဲ့ရပါသည်။ ကိုဗစ်–၁၉ ဒုတိယလှိုင်းအဖြစ် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးကို ရခိုင်ပြည်နယ်၌ တွေ့ရှိခဲ့ပါသည်။**

> **"ပြည်သူများကလည်း စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ခဲ့ကြရာ ဩဂုတ်လတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှု ၂၅ ရာခိုင်နှုန်းအောက် လျော့ကျလာပြီး ဩဂုတ်လ ၂၆ ရက်နေ့တွင် ၂၁ ရာခိုင်နှုန်းရှိကြောင်း သိရ၍ ရာခိုင်နှုန်း ၂၀ ကျော် ကျဆင်းသွားကြောင်း တွေ့ရှိရ။ တာဝန်သိသူ၊ တာဝန်ရှိသူများက လက်တွဲဆောင်ရွက်ခဲ့၍ တတိယလှိုင်း၏ အမြင့်ဆုံးကာလ ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၂၆ ရက်နေ့အထိ တစ်လတာအချိန်အတွင်း ရာခိုင်နှုန်းထက်ဝက်ခန့် လျှော့ချနိုင်ခဲ့ပြီး ဆက်လက်၍ ကူးစက်မှုသိသာစွာ လျော့နည်းလာစေရေး စုပေါင်းညီညွတ်စွာ ကြိုးစားလုပ်ဆောင်ကြပါစို့"**

လက်ရှိကြုံတွေ့နေရသော ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်မှုမှာ လူမှတစ်ဆင့်သာ ကူးစက်ခြင်းဖြစ်သဖြင့် လူသားအားလုံး တစ်ဦးချင်း အသိစိတ်ဖြင့် သွားလာနေထိုင်ကြရန် လိုအပ်ပါသည်။ ကျန်းမာရေး အသိပညာပေးမှုများလည်း လိုအပ်ပြီး ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်မှု အားကောင်းမှသာ ရောဂါကူးစက်မှုနှုန်း လျော့ပါးကျဆင်းလာမည် ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ဆက်လက်မြင့်တက်နေချိန် မြန်မာနိုင်ငံ၌လည်း မေလ ၂၇ ရက်နေ့မှစ၍ ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့လူနာ ပြန်လည်များပြားလာပြီး ဇွန်လအတွင်း ပိုးတွေ့ လူနာ ၁၀၀ ကျော်မှ ၁၅၀၀ ကျော်အထိ ရှိလာခဲ့ပါသည်။ ဇူလိုင်လတွင် ပိုးတွေ့ရှိမှုနှုန်း အမြင့်ဆုံးဖြစ်ကာ ရက်အလိုက်သေဆုံးသူ မြင့်တက်ခဲ့ပြီး သေဆုံးသူ ၁၃ ဦးမှ ၄၀၀ နီးပါးရှိခဲ့ကာ စုစုပေါင်း သေဆုံးသူ ၆၀၀၀ ကျော်အထိ ရှိခဲ့ပါသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် ပိုးတွေ့ရှိမှု ၂၁ ဒသမ ၈၉ ရာခိုင်နှုန်းမှ တဖြည်းဖြည်း မြင့်တက်ခဲ့ရာ ဇူလိုင်လ တတိယပတ်တွင် ပိုးတွေ့ရှိမှုနှုန်း အမြင့်ဆုံး ၄၁ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ပါသည်။

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကူးစက်မှုမှာ မြင့်မားပြီး ရောဂါဗီဇ နှစ်မျိုး၊ သုံးမျိုး ကွဲပြားလျက်ရှိကာ ကူးစက်ပြန့်ပွားမှုနှုန်းမှာလည်း နှစ်ဆမှ လေးဆ၊ လေးဆမှ ရှစ်ဆအထိ မြန်ဆန်နေသည်ကို တွေ့ရပါသည်။ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုသည် ကမ္ဘာတစ်ဝန်းလုံးတွင် မြင့်တက်နေဆဲဖြစ်ပြီး သေဆုံးမှုနှုန်း များနေဆဲဖြစ်ပါသည်။

## မူဝါဒများ ထိထိရောက်ရောက်ချမှတ်

မြန်မာနိုင်ငံတွင် ဗီဇပြောင်း ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကြောင့် ပိုးတွေ့အတည်ပြုလူနာသစ် ဦးရေ အချိန်တိုကာလအတွင်း များပြားလာကြောင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးခဲ့ပါသည်။ ကပ်ရောဂါဂယက်ကို တုံ့ပြန်ရန် လျင်မြန်ပြီး ခိုင်မာသည့် မူဝါဒများကို ထိထိရောက်ရောက် ချမှတ်လုပ်ဆောင်ရန်သည် အရေးအကြီးဆုံး မဖြစ်မနေ လုပ်ဆောင်ရမည့် အချက်ဖြစ်ပါသည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်၊ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို သတ်မှတ်ပေးခဲ့ပါသည်။ ဇူလိုင်လ ၁၇ ရက်နေ့မှစပြီး ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်များနှင့် ဆက်စပ်ကာ တစ်နိုင်ငံလုံး Stay at Home အစီအစဉ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ရုံးပိတ်ရက်ရှည်များ ဆက်လက်ကြေညာပြီး ဆောင်ရွက်ခဲ့ပါသည်။ ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းအတွင်း ဩဂုတ်လ ၂၄ ရက်နေ့အထိ Stay at Home ကြေညာသည့် မြို့နယ် ၁၁၉ မြို့နယ် ရှိသွားပြီဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းတွင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များ အားလုံးက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ တတိယလှိုင်းအရှိန် မြင့်တက်နေစဉ်က အောက်ဆီဂျင်နှင့် ပတ်သက်သည့် အခြေခံအဆောက်အဦများလည်း နည်းပါးပြီး ဆေးရုံ၊ ဆေးခန်းများ၌ အောက်ဆီဂျင် လိုအပ်ချက်များ ရှိခဲ့သည်။ နိုင်ငံရေးပယောဂဖြင့် ဖျက်ဆီးလိုသူများ၊ ပြည်သူများကို စာနာမှုကင်းမဲ့သူအချို့ကလည်း ပြည်သူ့ကျန်းမာရေးစနစ် ယိုင်လဲအောင် ပြုလုပ်ခဲ့ကြရာ အောက်ဆီဂျင်ပိုက်လိုင်းများကို ဖျက်ဆီးခြင်း၊ မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်း၊ အကြမ်းဖက်မှုများကိုပါ ပြုလုပ်လာကြခြင်းများလည်း ကြုံတွေ့ခဲ့ကြရပါသည်။



## အကြမ်းဖက်မှုများမှာ ဆိုးရွားလွန်း

ကိုဗစ်စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခြင်း၊ ကာကွယ်ဆေးထိုးနှံသည့် နေရာများကို ချိန်ကိုက်မိုင်းဖောက်ခွဲခြင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပြီး ကာကွယ်ရေးပစ္စည်းများ ဝေငှပေးသည့် စေတနာ့ဝန်ထမ်းများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းများကို ရင်ဆိုင်ခဲ့ကြရပါသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် တာဝန်သိသူ၊ တာဝန်ရှိသူများက အမျိုးသားရေးဖြစ်သော ကပ်ရောဂါကို ထိန်းချုပ်၊ ကာကွယ် ကုသနိုင်ရန် ပေါင်းစည်းဆောင်ရွက်နေသည့်အချိန်တွင် ကိုယ်ထိလက်ရောက် အကြမ်းဖက်သတ်ဖြတ်မှုများမှာ မယုံနိုင်လောက်အောင် ဆိုးရွားလွန်းလှပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသည် နိုင်ငံ့အရေး၊ အမျိုးသားရေး ကိစ္စဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိရောဂါကူးစက်ဖြစ်ပွားမှုများ၊ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင်လ ၁၂ ရက်နေ့မှစ၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ဦးစားပေး တင်သွင်းခွင့်ပြုပြီး အများပြည်သူ အလုပ်ပိတ်ရက်များတွင်လည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အောက်ဆီဂျင် လိုအပ်ချက်များနှင့် ပတ်သက်ပြီး အရေးပေါ်ဖြေရှင်းရန် အိမ်နီးချင်းနိုင်ငံများမှ Liquid Oxygen များ တင်သွင်းခဲ့ပါသည်။ Oxygen Concentrator များ တင်သွင်းမှုကိုလည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုဘဲ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကင်းလွတ်ခွင့်ဖြင့် လျင်မြန်စွာတင်သွင်း ခွင့်ပြုပေးလျက် ရှိပါသည်။ နိုင်ငံပိုင်၊ တပ်မတော်ပိုင်၊ ပုဂ္ဂလိကပိုင် Oxygen Plant များမှ ဆေးရုံသုံး အောက်ဆီဂျင်များရရှိရေး အင်အားပြည့်ထုတ်လုပ်ခြင်း၊ အသစ်တည်ဆောက်ခြင်းများလည်း ဆောင်ရွက်ခဲ့ပါသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လိုအပ်သော ဆေးရုံများ၌ပါ ဆေးရုံသုံး အောက်ဆီဂျင်များ ထုတ်လုပ်နိုင်ရန် ရေရှည်မျှော်မှန်း ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားသော အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသည့် ကာကွယ်ဆေးများ ဝယ်ယူကာ ဦးစားပေးအုပ်စုများ သတ်မှတ်ပြီး ပြည်သူလူထုအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။ လက်ရှိဈေးကွက်အတွင်း ကာကွယ်ဆေးအတုအပများကို Online မှသော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် သော်လည်းကောင်း ရောင်းချနေကြပြီး တရားဝင်တင်သွင်းလာသည့် ဆေးများမဟုတ်ဘဲ ဘေးအန္တရာယ်ဖြစ်ပွားနိုင်၍ ကျန်းမာရေး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံကြရမည်ဖြစ်ပါသည်။

## မည်သူတစ်ဦးတစ်ယောက်မျှချန်လှပ်မည်မဟုတ်

ကာကွယ်ဆေးထိုးပြီးသူများအနေဖြင့် ရောဂါကူးစက်နိုင်ခြေရှိသော်လည်း အောက်ဆီဂျင် ရှူရခြင်း၊ ဆေးရုံတက်ရခြင်း စသည့်ဆိုးကျိုးများ နည်းပါးကြောင်း သိရှိရပါသည်။ တတိယလှိုင်းကာလတွင် အိမ်တစ်အိမ်၌ တစ်ယောက်ကူးစက်ပါက တစ်အိမ်လုံး ကူးစက်ခံရကာ သက်ကြီးရွယ်အိုများ ကူးစက်သေဆုံးပြီး အသက်ဆုံးရှုံးရသူအများစုသည် ကာကွယ်ဆေး မထိုးနှံရသေးသူများဖြစ်ကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးသူ ၁ ဒသမ ၈ သန်းခန့်ရှိပြီး လက်ရှိတွင် ဦးတည်အုပ်စုများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများတွင် ဆက်လက်ထိုးနှံပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တွင် အားလုံးလွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်မည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားမည် မဟုတ်ပါ။

ပြည်သူလူထုအနေဖြင့် ကာကွယ်ဆေးအဆက်မပြတ် ထိုးနှံနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံမှ ကာကွယ်ဆေး လေးသန်း ဝယ်ယူရရှိခဲ့ပြီး ကာကွယ်ဆေး နှစ်သန်း လှူဒါန်းခဲ့ကြောင်း၊ ယခုလက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဦးစားပေးအုပ်စု ၁၂ စု ခွဲခြားပြီး ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးများအသုတ်လိုက် ရောက်ရှိလာမည်ဖြစ်ပြီး နောက်ထပ်ဆေး ၂၄ သန်း ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ထားကြောင်းလည်း သိရှိရပါသည်။ ရုရှားနိုင်ငံမှ ကာကွယ်ဆေး နှစ်သန်း ရောက်ရှိလာမည် ဖြစ်ပါသည်။ ယခုနှစ်အတွင်း ပြည်သူလူထု၏ ၅၀ ရာခိုင်နှုန်းကို ဆေးအပြီးထိုးနှံနိုင်ရေးနှင့် အခြေအနေပေးပါက ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်အောင် ကာကွယ်ဆေးထိုးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ စစ်ဘေးရှောင်စခန်း (IDP Camp)မှ ပြည်သူများကိုလည်း ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAO) အဖွဲ့များ ရှိရာနေရာက အကျုံးဝင်သော

*စာမျက်နှာ ၁၁ သို့*

# အာဆီယံလူငယ်ဆိုင်ရာဖွံ့ဖြိုးမှုအညွှန်းကိန်းများအစီအစဉ် (၂) မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အာဆီယံလူငယ်ဆိုင်ရာ ဖွံ့ဖြိုးမှုအညွှန်းကိန်းများ အစီအစဉ် (၂) (ASEAN Youth Development Index Phase II) မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။ (ယာပုံ)

အခမ်းအနားသို့ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ASEAN Youth Development Index Phase II လုပ်ငန်းအဖွဲ့၊ ပညာရှင်အဖွဲ့၊ UNFPA မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံလူငယ်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လူငယ်များအတွက်အစီအစဉ်များဖော်ထုတ်**

အခမ်းအနားတွင် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် H.E DATO LIM JOCK HOI က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာ၌ လူငယ်များသည် အနာဂတ်မျိုးဆက်သစ်များ ဖြစ်ကြောင်း၊ ဒေသဆိုင်ရာအနေအထားများအရ မတူကွဲပြားမှုများရှိသလို တူညီသည့် အချက်များလည်းရှိကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ အခြေအနေများအရလည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ အာဆီယံလူငယ်ဆိုင်ရာ အညွှန်းကိန်းများ အစီအစဉ် (၁) ကို ၂၀၁၇ ခုနှစ်က ထုတ်ဝေနိုင်ခဲ့ပြီး ယခု အစီအစဉ် (၂) ကို မိတ်ဆက်ဖြန့်ချိ၍ လူငယ်များအားလုံးအတွက် လွှမ်းခြုံနိုင်မည့် ဧရိယာ သုံးခုကို ချဉ်းကပ်၍ လေ့လာဆန်းစစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍ လူငယ်များအတွက် ဖွံ့ဖြိုးစေမည့် အစီအစဉ်များကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများက ASEAN Youth Development Index Phase II နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ASEAN Youth Development Index Phase II အား မိတ်ဆက်ဖြန့်ချိနိုင်ခြင်းအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူငယ်ဆိုင်ရာ အညွှန်းကိန်းများအစီအစဉ် (၁)မှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု အစီအစဉ် (၂) သည် တက္ကသိုလ်အသီးသီးက ကျောင်းသား၊ ကျောင်းသူများ၏ အာဆီယံအပေါ် သဘောထားအမြင် စစ်တမ်းနှင့် စပ်လျဉ်း၍ ပညာရှင်အဖွဲ့က စနစ်တကျ ကောက်ယူခဲ့ပြီး အစီရင်ခံစာ ထုတ်ဝေနိုင်ခြင်းဖြစ်၍ အာဆီယံဒေသအတွင်း လူငယ်ထု ဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် H.E. KUNG PHOAK က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။




**အာဆီယံအပေါ်အသိအမြင်စစ်တမ်းကောက်**

အာဆီယံလူငယ်ဆိုင်ရာ ဖွံ့ဖြိုးမှုအညွှန်းကိန်းများ အစီအစဉ် (၁) သည် လူငယ်ကဏ္ဍနှင့် စပ်လျဉ်း၍ အဓိကနယ်ပယ်ကြီး လေးခုဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် သာယာဝပြောမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လည်းကောင်း၊ အာဆီယံလူငယ်ဆိုင်ရာ ဖွံ့ဖြိုးမှုအညွှန်းကိန်းများအစီအစဉ် (၂) သည် လူငယ်ကဏ္ဍတစ်ခုဖြစ်သည့် အသိပညာပေးခြင်း၊ တန်ဖိုးထားမှုနှင့် ကိုယ်ပိုင်အမှတ်လက္ခဏာတို့အား လည်းကောင်း ဆန်းစစ်လေ့လာခဲ့ခြင်းဖြစ်ပြီး YDI Phase II အား အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးက ဦးဆောင်၍ အာဆီယံနိုင်ငံများမှ တက္ကသိုလ် ၁၀ ခုမှ ကျောင်းသား/ ကျောင်းသူ ၁၅၈၂ ဦးနှင့် အာဆီယံဒေသတွင်း တက္ကသိုလ် လေးခုမှ ကျောင်းသား/ ကျောင်းသူ ၆၂၇ ဦး ပါဝင်၍ အာဆီယံအပေါ် အသိအမြင် စစ်တမ်းကောက်ယူခဲ့၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာပညာရှင်အဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၁ ဦးပါဝင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ပြည်သူများ၊ ဘူးသီးတောင်၊ မောင်တောဒေသနှင့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများကိုလည်း ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါသည်။

**ဆေးဝါးများ လက်လီလက်ကားရောင်းချပေး**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း ပြည်သူများ စားဝတ်နေရေးပြေလည်စေရန် အခြေခံစားသောက်ကုန်များကို ရွေ့လျားဈေးကား (Mobile Market) များဖြင့် လိုက်လံရောင်းချပေးခြင်း၊ ဆေးဝါးများ ဈေးနှုန်းမှန်ကန်စွာရရှိရေး တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဆေးဝါးများ လက်လီလက်ကားရောင်းချပေးလျက်ရှိပါသည်။

အာရှဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ တစ်ဟုန်ထိုးမြင့်တက်နေပြီး ဩဂုတ်လဆန်းတွင် ထိုင်း၊ မလေးရှား၊ ဂျပန်တို့တွင်လည်း စံချိန်တင်ကူးစက်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ ဩစတြေးလျတွင်လည်း ဩဂုတ်လကုန်အထိ တင်းကျပ်သော Lockdown စည်းမျဉ်းများ ချမှတ်မည်ဖြစ်ပြီး တရုတ်နိုင်ငံအရှေ့ပိုင်းတွင်လည်း Delta Virus ကူးစက်ပြန့်ပွားနေပါသည်။ ဗီယက်နမ်တွင်လည်း အဆိုးရွားဆုံးရင်ဆိုင်နေရ၍ ဟိုချီမင်းစီးတီးနှင့် တောင်ပိုင်းဒေသတစ်လျှောက် အခြားမြို့နှင့် ပြည်နယ် ၁၈ ခုတွင် တင်းကျပ်သည့် အသွားအလာကန့်သတ်မှုချမှတ်ခဲ့ကာ ဂျပန်တွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အရေးပေါ်အခြေအနေ ကြေညာမှုကို ဩဂုတ်လကုန်အထိ သက်တမ်းတိုးခဲ့ပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဇူလိုင်လကုန်၌ ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူ စံချိန်တင်မြင့်တက်ခဲ့ပြီး ဆေးရုံများတွင် ခုတင်နေရာ ပြတ်လပ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ရသည်။

**သေဆုံးနိုင်ခြေ မြင့်တက်နိုင်**

ကူးစက်မှုမြန်သည့် ကိုဗစ်-၁၉ ဗီဇပြောင်းပိုး Delta Virus သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၃ နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိနေကြောင်း၊ ကမ္ဘာ့စိုးရိမ်ဖွယ် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲအဖြစ် WHO က သတ်မှတ်ကြေညာထားသော ဗိုင်းရပ်စ်လေးမျိုးထဲမှ Alpha နှင့် Delta တို့သည် ရောဂါပိုးကူးစက်နိုင်မှု၊ ထပ်မံကူးစက်နိုင်မှု ပိုမိုမြင့်မားပြီး ရောဂါပြင်းထန်မှုအခြေအနေဖြင့် ဆေးရုံတက်ရောက်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်တက်နိုင်မှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ဆက်လက် မြင့်တက်နေပြီး ဩဂုတ် ၂၄ ရက်နေ့က တစ်ရက်အတွင်း လူနာသစ် ၆၅၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၀၀၀၀ ကျော်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ဆေးပညာရှင်များ၊ ဆရာဝန်၊ သူနာပြုများ၊ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အခြားသက်ဆိုင်ရာဌာနများနှင့်အတူ ပရဟိတ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များကလည်း ပါဝင်ဆောင်ရွက်နေကြပါသည်။ PPE ဝတ်ရုံဖြူအောက်မှ ဖြူစင်သောစိတ်ထားနှင့် ပရဟိတအဖွဲ့အစည်းများသည် Positive လူနာများ၊ Contact Person များနှင့် ပတ်သက်ပြီး သယ်ယူပို့ဆောင်ပေးခြင်း၊ သေဆုံးမှုနှုန်းများပြားချိန်တွင် Dead Body များအား ကူညီသယ်ဆောင် သင်္ဂြိုဟ်ပေးခြင်းများ၊ အောက်ဆီဂျင် လိုအပ်သူများကို အောက်ဆီဂျင်ရရှိအောင် ရှာဖွေဆောင်ရွက်ပေးခြင်းများကို ကူညီလုပ်ဆောင်ပေးနေကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။

**မိမိကစ၍ကာကွယ်ကြရမည်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းသည် အမျိုးသားရေးပင်ဖြစ်၍ အားလုံးပူးပေါင်းပါဝင်ကာ မိမိကစ၍ ကာကွယ်ကြရမည်ဖြစ်ပါသည်။ ပြည်သူများကလည်း စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ခဲ့ကြရာ ဩဂုတ်လတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှု ၂၅ ရာခိုင်နှုန်းအောက် လျော့ကျလာပြီး ဩဂုတ်လ ၂၆ ရက်နေ့တွင် ၂၁ ရာခိုင်နှုန်းရှိကြောင်း သိရ၍ ရာခိုင်နှုန်း ၂၀ ကျော် ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ တာဝန်သိသူ၊ တာဝန်ရှိသူများက လက်တွဲဆောင်ရွက်ခဲ့၍ တတိယလှိုင်း၏ အမြင့်ဆုံးကာလ ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၂၆ ရက်နေ့အထိ တစ်လတာအချိန်အတွင်း ရာခိုင်နှုန်းထက်ဝက်ခန့် လျှော့ချနိုင်ခဲ့ပြီး ဆက်လက်၍ ကူးစက်မှုသိသာစွာ လျော့နည်းလာစေရေး စုပေါင်းညီညွတ်စွာ ကြိုးစားလုပ်ဆောင်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၇၉၂၆၇ | ၃၇၄၃၇၁၆ | ၁၃၂၄၉၁ |
| ဖိလစ်ပိုင် | ၁၉၇၆၂၀၂ | ၁၇၉၄၂၇၈ | ၃၃၃၃၀ |
| မလေးရှား | ၁၇၂၅၃၅၇ | ၁၄၄၃၂၆၂ | ၁၆၃၈၂ |
| ထိုင်း | ၁၁၉၀၀၆၃ | ၁၀၀၂၅၂၇ | ၁၁၃၉၉ |
| ဗီယက်နမ် | ၄၄၉၄၈၉ | ၂၂၈၀၁၆ | ၁၁၀၆၄ |

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| မြန်မာ | ၃၉၅၈၈၃ | ၃၄၈၆၈၂ | ၁၅၂၈၇ |
| ကမ္ဘောဒီးယား | ၉၂၆၁၆ | ၈၈၄၄၃ | ၁၈၉၂ |
| စင်ကာပူ | ၆၇၄၅၉ | ၆၆၀၉၂ | ၅၅ |
| လာအို | ၁၄၈၁၆ | ၅၀၄၀ | ၁၄ |
| ဘရူနိုင်း | ၂၆၄၁ | ၈၃၆ | ၈ |

# ယီမင်နိုင်ငံ၌ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိ

အေဒင် ဩဂုတ် ၃၀

**ယီမင်နိုင်ငံ၌ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ်– ၁၉ ကာကွယ်ဆေးပထမအသုတ်ကို ဩဂုတ်၂၉ ရက်တွင် လက်ခံရရှိခဲ့သည်ဟု ယီမင်အစိုးရက ပြောသည်။**

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ်–၁၉ ကာကွယ်ဆေး အလုံးရေ ၁၅၁၂၀၀ အေဒင်လေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း၊ ကိုဗက်အစီအစဉ်ဖြင့် အဆိုပါကာကွယ်ဆေးများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မတ်လအတွင်းကလည်း စစ်ပွဲဒဏ်ခံ ယီမင်နိုင်ငံသို့ အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေး ၃၆၀၀၀၀နှင့် ကာကွယ်ဆေးထည့်ရန် သေတ္တာအလုံး ၁၃၀၀၀ ရောက်ရှိခဲ့ပြီး ကျန်းမာရေးလုပ်သားများကို အကာအကွယ်ပေးရန် ကိုဗက်အစီအစဉ်မှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယခုလအစောပိုင်းကလည်း အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသော ယီမင်အစိုးရသည် ၎င်းတို့ ထိန်းချုပ်ထားရာဒေသအတွင်း ကိုဗစ်– ၁၉ နေ့စဉ်ကူးစက်မှုများ များပြားလာသည်ဟု ဖော်ပြခဲ့သည်။ ယခုအချိန်အထိ ယီမင်နိုင်ငံတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးအလုံးရေ ၃၁၀၀၀၀ ကို ထိုးနှံပေးခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် တွက်ချက်ကြည့်လျှင် လူဦးရေ၏ တစ်ရာခိုင်နှုန်းကိုသာ တစ်ကြိမ်ကာကွယ်ဆေးထိုးပေးရသေးသည်။ ယီမင်နိုင်ငံ လူဦးရေထက်ဝက်ကျော်မှာ အစာအသောက် ဖူလုံစွာရရှိခြင်းမရှိသည့် ပြဿနာနှင့် ရင်ဆိုင်နေရပြီး ယီမင်နိုင်ငံ၏ ငွေကြေးတန်ဖိုး ထိုးကျလာခြင်းနှင့်အတူ နိုင်ငံသားများမှာလည်း ပို၍ပို၍ ဆင်းရဲတွင်းထဲသို့ ကျရောက်လာသည်။ **ဆင်ဟွာ**



အေဒင်လေဆိပ်၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးများ လက်ခံရရှိစဉ်။

# နိုင်ငံအတွင်းမှ လုံခြုံစိတ်ချစွာ ထွက်ခွာသွားနိုင်ရေးအတွက် အာမခံသည်ဟု တာလီဘန်များ အခိုင်အမာပြော

**ကဘူးလ် ဩဂုတ် ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ အတွင်းမှ ထွက်ခွာသွားလိုသူများ လုံခြုံစိတ်ချစွာ ထွက်ခွာသွားနိုင်ရမည်ဟု တာလီဘန်များက အခိုင်အမာ ပြောကြားထားသည့် အာမခံချက်ကို ရရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုအပါအဝင် အဖွဲ့အစည်းနှင့် နိုင်ငံပေါင်း ၉၀ ကျော်တို့က ပြောသည်။

အိမ်ဖြူတော်ကလည်း ဩဂုတ် ၂၉ ရက်တွင် ဂျပန်၊ ဗြိတိန်၊ ဥရောပသမဂ္ဂနှင့် အခြားသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်အတူ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်းမှ ခရီးသွားလာခွင့် ရရှိထားသည့် အာဖဂန်နိုင်ငံသားများနှင့် နိုင်ငံခြားသားများအားလုံး တိုင်းပြည်အတွင်းမှ လုံခြုံစိတ်ချစွာ ထွက်ခွာခွင့်ရရှိစေရေးအတွက် တာလီဘန်များထံမှ အာမခံချက် ရရှိထားပြီဟု ကြေညာခဲ့ကြသည်။ အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားသံရုံးအများအပြားမှာ ပိတ်ထားပြီဖြစ်သည့်အတွက် ဗီဇာလုပ်ငန်းစဉ်အတွက် မည်သို့လုပ်ဆောင်မည်ကို မရှင်းလင်းဟု အချို့သော ကျွမ်းကျင်သူများကပြောသည်။ ဩဂုတ် ၂၆ ရက် ကဘူးလ်မြို့ လေဆိပ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း လူပေါင်း ၁၀၀ ကျော် အသက်ဆုံးရှုံးရပြီးနောက် ကဘူးလ်မြို့တွင် တင်းမာမှုများ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ဩဂုတ် ၂၉ ရက်ကလည်း အမေရိကန်တို့က ဒရုန်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ လေဆိပ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ခြိမ်းခြောက်မှုအန္တရာယ်ကို ဖယ်ရှားပေးနိုင်ရေးအတွက် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ပြောသည်။ အမေရိကန်တပ်များ အာဖဂန်နစ္စတန်နိုင်ငံ အတွင်းမှ ထွက်ခွာရမည့် နောက်ဆုံးသတ်မှတ်ရက်မှာ ဩဂုတ် ၃၁ ရက်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



ဟာမစ်ကာဇိုင်းလေဆိပ်မှ ထွက်ခွာရန် ပြင်ဆင်နေကြသူများကို တွေ့ရစဉ်။

# အစ္စရေးနိုင်ငံ၌ ကိုဗစ် - ၁၉ တတိယအကြိမ် ထိုးနိုင်သည့် အသက်ကန့်သတ်ချက်ကို ၁၂ နှစ်အထိသတ်မှတ်

**ဂျေရုဆလင် ဩဂုတ် ၃၀**

အစ္စရေးနိုင်ငံတွင် ဩဂုတ် ၂၉ ရက်က ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနိုင်သည့် အသက်အပိုင်းအခြားကို အသက် ၃၀ မှ ၁၂ နှစ်အထိ သတ်မှတ်ခဲ့သည်ဟု သိရသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီး ငါးလအကြာတွင် တတိယအကြိမ် ကာကွယ်ဆေး ထိုးနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အစ္စရေးနိုင်ငံသည် ဩဂုတ် ၁ ရက်မှစတင်ကာ ကိုဗစ်– ၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေးမှုကို စတင်ခဲ့သည်။ ကနဦးတွင် အသက် ၆၀ နှစ်နှင့်အထက်များကိုသာ တတိယအကြိမ်ကာကွယ်ဆေးထိုးပေးခဲ့ပြီး ယင်းနောက်မှစကာ တတိယအကြိမ်ကာကွယ်ဆေး ထိုးနိုင်သည့် အသက်အပိုင်းအခြားကို တဖြည်းဖြည်းချင်း လျှော့ချခဲ့သည်။

ကျောင်းဆရာများ၊ကျန်းမာရေးလုပ်သားများနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာလည်း ကိုဗစ်–၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနိုင်ခွင့်ရှိသည်။ ယခုအချိန်အထိ အစ္စရေးနိုင်ငံအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပြီးသူ အရေအတွက်မှာ ၁ ဒသမ ၉၆ သန်းရှိသည်။

ပထမအကြိမ် ကာကွယ်ဆေး ထိုးပြီးသူ ၅ ဒသမ ၆၅ သန်းရာခိုင်နှုန်းဖြင့်တွက်လျှင် ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၅ ဒသမ ၄၇ သန်းရှိသည်။ **ဆင်ဟွာ**



အစ္စရေးနိုင်ငံ၌ အသက် ၆၀ နှစ်နှင့်အထက်များကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးနေစဉ်။

## ပီရူးနိုင်ငံ၌ စက်တပ်သမ္ဗန်နှင့် မော်တော်ဘုတ်တစ်စင်း တိုက်မိမှုကြောင့် ၁၁ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရ

**လီမာ ဩဂုတ် ၃၀**

ပီရူးနိုင်ငံ ယူရီမောဂွတ်စ်ခရိုင် Huallaga မြစ်အတွင်း စက်တပ်သမ္ဗန်နှင့် မော်တော်ဘုတ်တစ်စင်း မတော်တဆတိုက်မှုကြောင့် လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ဩဂုတ် ၂၉ ရက်တွင် ပြောသည်။

ပျောက်ဆုံးနေသူ အရေအတွက် အတိအကျကိုမူ မသိရသေးချေ။ ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် ၄ နာရီ မိနစ် ၂၀ တွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူပေါင်း ၈၀ ကျော်ကိုတင်ဆောင်လာသည့် စက်တပ်သမ္ဗန်သည် မော်တော်ဘုတ်တစ်စင်းကို ဝင်တိုက်မိခဲ့ခြင်း ဖြစ်သည်။

စက်တပ်သမ္ဗန်ပေါ်တွင် ကလေး ၂၀ ပါဝင်ခဲ့သည်။ ပီရူးရေတပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးစင်တာမှ အဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။ **ဆင်ဟွာ**

## ဆီးရီးယားနှင့် အီရန်စီးပွားရေး ဆွေးနွေး

**ဒမတ်စကတ် ဩဂုတ် ၃၀**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်သည် ဩဂုတ် ၂၉ ရက်တွင် အလည်အပတ်ရောက်ရှိနေသည့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမီယာအဗ္ဗဒူလာဟင်နှင့် ဒမတ်စကတ်မြို့တွင် တွေ့ဆုံခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆာနားသတင်းဌာနတွင် ဖော်ပြခဲ့သည်။

စီးပွားရေးနှင့်ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်စလုံးက ဆွေးနွေးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုက ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရေးအတွက် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတို့တွင် နောက်ဆုံးဖြစ်ပေါ်နေသည့် ကိစ္စများကို နှစ်ဦးစလုံးက ဆွေးနွေးခဲ့ကြသည်။ ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်မှုကို တိုက်ဖျက်သွားမည်ဟု ဆီးရီးယားသမ္မတအာဆတ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၄၃၆ ဦးရှိလာပြီး ၅၆၈ ဦးထပ်မံသေဆုံး

ဂျကာတာ ဩဂုတ် ၃၀

**အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ် ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၄၃၆ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၇၉၂၆၇ ဦးအထိရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၅၆၈ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၃၂၄၉၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၉၃၉၈ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူ ၃၇၄၃၇၁၆ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ဩဂုတ် ၃၀ရက်က နောက်ထပ်အသင့်သုံး ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် တရုတ်ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အများအပြားလက်ခံရရှိခဲ့သည်။

ယခု ကာကွယ်ဆေးလက်ခံရရှိမှုနှင့်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် မတူညီသောကာကွယ်ဆေး ထုတ်လုပ်သူများထံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါင်း ၂၁၇သန်း ကျော်ရရှိထားကြောင်း သိရသည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှား နိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။

ဩဂုတ် ၃၀ ရက်အထိ လူပေါင်းအနည်းဆုံး ၃၅ ဒသမ ၃၁ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၆၂ ဒသမ ၂၉ သန်းရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ကြေညာလိုက်သည်။

အင်ဒိုနီးရှား အစိုးရသည် အမျိုးသား ကာကွယ်ဆေးထိုး လိုအပ်ချက်ကို ပြည့်မီရန် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမို ရရှိနိုင်ရေး ဆက်လက်ကြိုးစား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း စံချိန်တင်မြင့်တက်

မနီလာ ဩဂုတ် ၃၀

**ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၃၆၆ ဦးတိုးလာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တစ်နေ့တည်း အများဆုံး စံချိန်တင်ခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၉၉၂၀၀အထိ ရောက်ရှိလာခဲ့ကြောင်း ဖော်ပြသည်။**

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၂၂၂ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၃၃၃၀အထိ ရောက်ရှိလာခဲ့သည်။

မြို့တော်မနီလာ၌ ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် တင်းကျပ်သော ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် သေဆုံးမှုများ သည် ဖိလစ်ပိုင်နိုင်ငံတွင် ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ဗျူရိုမှ ညွှန်ကြားရေးမှူး အလီဆာ ဒီဂုဇ်မင်းက ပြောသည်။

ဒယ်လ်တာ ကိုဗစ်-၁၉ သန္ဓေပြောင်း မျိုးစိတ်သစ်သည် တခြား ကိုဗစ်-၁၉ မျိုးစိတ်သစ်များကို လွှမ်းမိုးကျော်လွန်ပြီး လျှင်လျှင်မြန်မြန် ကူးစက်ပျံ့နှံ့နေကြောင်း ဖိလစ်ပိုင် သက်ရှိဗီဇပစ္စည်း၏ မျိုးပွားပစ္စည်းလေ့လာရေးဌာနအမှုဆောင် ညွှန်ကြားရေးမှူး ဆင်သီယာဆယ်လိုမာက ပြောသည်။

ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှု၏ ၄၂ ရာခိုင်နှုန်းခန့်မှာ ဒယ်လ်တာကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှုများသည် အထူးသဖြင့် မြို့တော်မနီလာတွင် အများအပြား ဖြစ်ပွားလျက်ရှိသည်။ မကြာမီရက်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက် မြင့်တက်လာမည်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် ပိုပြီး ဂရုတစိုက်နေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက တိုက်တွန်း ပြောကြားလိုက်သည်။

မြို့တော်မနီလာသည် လာမည့်ရက်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်လာမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော ကိုဗစ်-၁၉ ကူးစက်မှုဇယားတွင် ဖော်ပြသော မျဉ်းသည် အထက်သို့တက်နေသောကြောင့်ဖြစ်ကြောင်း ဒီဂုဇ်မင်းက ပြောသည်။

အရေးတကြီးဆောင်ရွက်ရန် ကိစ္စမရှိပါက လူတိုင်းအိမ်ထဲတွင် သာနေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက တိုက်တွန်းပြောကြားထားသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ် စစ်ဆေးပြီးသူပေါင်း ၁၇ သန်းကျော်ရှိလာပြီ ဖြစ်သည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ ပါဆစ်ဆေးရုံ နံရံပေါ်တွင် ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုရေးဆွဲထားသော နံရံဆေးရေးပန်းချီကားကို တွေ့ရစဉ်။

## မလေးရှားဝန်ကြီးချုပ် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ပြီးနောက် ကိုယ်တိုင်သီးသန့်စောင့်ကြည့်မှုပြုလုပ်

ကွာလာလမ်ပူ ဩဂုတ် ၃၀

မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာ့ကော့ဘ်သည် ကိုဗစ်-၁၉ လူနာတစ်ဦးနှင့် ထိတွေ့မှုဖြစ်ပွားပြီးနောက် မိမိကိုယ်တိုင် သီးသန့်ခွဲခြားစောင့်ကြည့်မှု ပြုလုပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်ဟု အစိုးရက ဩဂုတ်၃၀ က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အစ္စမေးလ်သည် အမျိုးသားနန်းတော်၌ ဩဂုတ် ၃၀က ကျင်းပခဲ့သော ဝန်ကြီးအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပွဲသို့ မတက်ရောက်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ ကြေညာချက်တွင်ဖော်ပြခဲ့သည်။

သို့သော်လည်း ဩဂုတ် ၃၁ ရက်တွင် အွန်လိုင်းမှ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၂၆၈ ဦးရှိပြီး စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၂၅၃၅၇ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်

ဟန္နိုင်း ဩဂုတ် ၃၀

ဗီယက်နမ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၂၂၄ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကြောင်းနှင့် လွန်ခဲ့သော လေးရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်ဖြစ်သည့် ၁၂၉၂၀ကို ကျော်လွန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူများအနက် ၁၄၂၁၉ ဦးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားမှုဖြစ်ကာ ငါးဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၉၄၈၉ ဦးရောက်ရှိလာပြီး ၁၁၀၆၄ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ဆင်ဟွာ

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀၀၀ အောက် လျော့နည်းလာ

**ဘန်ကောက် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ၌ ဩဂုတ် ၃၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၉၇၂ ဦးရှိလာခဲ့ပြီး အဆိုပါပမာဏသည် ဇူလိုင် ၃၀ ရက်ကတည်းက အနိမ့်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပမာဏဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၂၅၆ ဦးထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၁၉၀၀၆၃ ဦးအထိရောက်ရှိလာခဲ့ပြီးသေဆုံးသူ ၁၁၃၉၉ ဦးရှိလာပြီဖြစ်သည်။

ဧပြီလအစောပိုင်းကတည်းက နောက်ဆုံးကိုဗစ်-၁၉ ဖြစ်ပွားရာဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။

ထိုင်းနိုင်ငံတွင်ဖေဖော်ဝါရီ ၂၈ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၀ ဒသမ ၉ သန်းရှိလာပြီဖြစ်သည်။

လူဦးရေသန်း ၇၀ နီးပါးရှိသည့်အနက် ၁၀ ဒသမ ၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အပြည့်အဝထိုးပြီးကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ရောဂါလက္ခဏာမပြင်းထန်သော ကိုဗစ်-၁၉ လူနာများ ဆေးရုံမှဆင်းသွားပြီဖြစ်ရာ ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားနှုန်းသည် ဆက်လက်ကျဆင်းလာဖွယ်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့၏အဆိုအရ ထိုင်းနိုင်ငံသည် စက်တင်ဘာ ၁ ရက်မှစကာ ပြည်တွင်းလေကြောင်းလိုင်းအချို့ကို ပြန်လည်ပျံသန်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

လာမည့်လတွင် ကိုဗစ်-၁၉ ကူးစက်နိုင်ခြေမြင့်မားသော ပြည်နယ် ၂၉ ခုကို ပြည်နယ်ချင်းဖြတ် ခရီးသွားလာမှုများ၊ ဈေးဝယ်ကုန်တိုက်များ ဖွင့်လှစ်ခြင်းများ၊ စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများအပါအဝင် ကန့်သတ်မှုများ ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်ကပ်ရောဂါရိုက်ခတ်မှုနှင့် အိမ်ခြေရာမဲ့ဦးရေ များပြားလာသော ဆော်ပိုလိုမြို့

နှင်းမိုးအိမ်

### ခါးသီးသည့်အချိန်များနှင့် ရင်ဆိုင်ရ

ဘရာဇီးနိုင်ငံ စီးပွားရေးမြို့တော်ဖြစ်သည့် ဆော်ပိုလိုမြို့တွင် ဆင်းရဲသည့် လူဦးရေ အရေအတွက်များပြားလာသည်။ အခြားသော ဆင်းရဲသားများကဲ့သို့ပင် မိုနီကာမှာလည်း ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်း ခါးသီးသည့်အချိန်များနှင့် ရင်ဆိုင်ခဲ့ရသည်။

အိမ်ဆက်ငှားရမည်လား၊ ကလေးများကို အစာဝဝလင်လင် ကျွေးရမည်လားဆိုသည့် ရွေးချယ်မှုက သူ့ကိုဖိအားပေးလျက်ရှိသည်။ အကယ်၍ အိမ်ငှားနေထိုင်ရန်အတွက် ပိုက်ဆံများ သုံးလိုက်လျှင် အစာအိမ်ကို ဟောင်းလောင်းထားရတော့မည့် အနေအထားဟု ၎င်းက ပြောသည်။

### အိမ်ငှားရမ်းခများဈေးကြီးလာ

မိုနီကာမှာ ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို စုဆောင်းရင်းဖြင့် ၎င်း၏တစ်နေ့တာအချိန်ကို ကုန်ဆုံးသည်။ ၎င်း၏ တစ်နေ့ဝင်ငွေက အမေရိကန်ဒေါ်လာ ၄ ဒေါ်လာမှ ၆ ဒေါ်လာကြားတွင် ရှိသည်။ ကပ်ရောဂါကာလအတွင်း အလုပ်လက်မဲ့ဦးရေ တိုးလာခြင်း၊ ကုန်ဈေးနှုန်းကြီးလာခြင်းနှင့် အထူးသဖြင့် အိမ်ရာငှားရမ်းခများ ဈေးကြီးလာသည့်အတွက် မိုနီကာကဲ့သို့ပင် အခြားသောလူများစွာမှာ လမ်းပေါ်၌ နေထိုင်ရသည့်ဘဝဖြစ်လာကြသည်။

လမ်းပေါ်တွင် နေထိုင်ကြသည့် လူဦးရေမှာ ယခုတစ်ကြိမ်လောက် များပြားခဲ့ခြင်း မကြုံဖူးဘူးဟု ဆော်ပိုလိုတက္ကသိုလ်မှ လူ့အခွင့်အရေးနှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူ ကယ်ဆနီမက်ဒီရိုဖင်နိုက ပြောသည်။

### အိမ်မှဆင်းပေးရမည့်အနေအထားရှိ

အလုပ်အကိုင်ဆုံးရှုံးပြီး အခြားရွေးချယ်စရာမရှိပါက လမ်းပေါ်တွင်နေထိုင်ခြင်းမှာ ရွေးချယ်စရာတစ်ခုဖြစ်လာသည်။ ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုအစိုးရအဖွဲ့သည် ယခုနှစ်အတွင်း ဆင်းရဲသည့်သူများကိုပေးသည့် ကိုဗစ်-၁၉ အရေးပေါ်ထောက်ပံ့ကြေးကို ဘရာဇီးငွေကြေး ၆၀၀မှ ၁၅၀ အထိလျှော့ချခဲ့သည်။

ဘရာဇီးနိုင်ငံတစ်လွှား၂၀၂၀ပြည့်နှစ် မတ်လမှ ၂၀၂၁ခုနှစ် ဇွန်လအထိ မိသားစုပေါင်း ၁၄၃၀၀ မှာ နေအိမ်မှ ဖယ်ရှားခံခဲ့ရသည်။ နောက်ထပ်လူပေါင်း ၈၅၀၀၀ မှာလည်း နေအိမ်မှ ဖယ်ရှားခံရမည့် အရေးနှင့် ရင်ဆိုင်နေရသည်။ ဆော်ပိုလိုမြို့တစ်မြို့တည်းတွင်ပင် လူပေါင်း ၄၀၀၀ နီးပါးမှာ နေအိမ်မှ ဖယ်ရှားခံရပြီး လူပေါင်း ၃၄၀၀၀ မှာလည်း မကြာမီနေအိမ်မှ ဖယ်ရှားခံရမည့်ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည်။

ဆော်ပိုလိုတွင် ယခုလို အိမ်ခြေရာမဲ့ဦးရေ များပြားလာမှုမျိုး နှစ် ၃၀ အတွင်း တစ်ခါမျှ မတွေ့ဖူးသေးဟု အမျိုးသားအိမ်ခြေရာမဲ့ လှုပ်ရှားမှုအဖွဲ့အစည်းမှ အန်ဒရာဆွန်လိုပက်စ်က ပြောသည်။

အလုပ်အကိုင်ဆုံးရှုံးသွားသည့် သက်ကြီးရွယ်အိုများနှင့် အလုပ်သမားများမှာ အိမ်ခြေရာမဲ့အဖြစ် လမ်းပေါ်တွင် အဆုံးသတ်ရသည်ကို တွေ့မြင်နေကျဖြစ်သည်။ ယခုအခါတွင်မူ မိသားစုလိုက် အမျိုးသမီးများပါ အိမ်ခြေရာမဲ့ဖြစ်လာရသည်ကို တွေ့မြင်လာရသည်ဟု ၎င်းက ဆက်ပြောသည်။

### လျှော့ပေါ့တွက်ချက်ထား

နောက်ဆုံးကောက်ယူထားသည့် သန်းခေါင်စာရင်းအရ ဆော်ပိုလိုမြို့တွင် အိမ်ခြေရာမဲ့လူဦးရေမှာ ၂၀၁၉ ခုနှစ်တွင် ၂၄၃၄၄ ဦးရှိပြီး ၎င်းတို့ထဲမှ ၈၅ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြသည်။

ယင်းပမာဏမှာလျှော့ပေါ့တွက်ချက်ထားသည့်ခန့်မှန်းချက်သာ ဖြစ်သည်ဟု အိမ်ခြေရာမဲ့အဖွဲ့အစည်းများက ပြောသည်။ ရင်ပြင်တွင် အတူနေထိုင်သည့် အိမ်နီးနားချင်းထံမှ ငှားရမ်းထားသော မွေ့ရာပေါ်တွင် မိုနီကာနှင့်သမီးသုံးယောက်အတူနေထိုင်ရသည်။

### ကြောက်ရွံ့ရ

ပုံမှန်ဘဝတွင်နေထိုင်ရန် ကြိုးပမ်းနေသော်လည်း မနက်လင်း၍ လူများဝိုင်းကြည့်နေလျှင် အဆင်မပြေကြောင်း ၎င်းက ပြောသည်။ ၎င်း အကြောက်ရဆုံးမှာ ဖျားနာပြီး သမီးများကို စောင့်ရှောက်ခြင်းမပြုနိုင်တော့မည်ကိုပင်ဖြစ်ကြောင်း ၎င်းကပြောသည်။ ယခုအချိန်တွင်လည်း အလုပ်ကြိုးစားနေပြီး အခက်အခဲများကို ကျော်ဖြတ်နိုင်ရေး ကြိုးစားနေသည်ဟု ဆက်ပြောသည်။

အိမ်ခြေရာမဲ့များအတွက် ပေးထားသည့် ခိုလှုံရာနေရာများသို့မသွားလိုကြောင်း၊ အဆိုပါနေရာများတွင် မူးယစ်ဆေးစွဲသူများနှင့် အကြမ်းဖက်မှုများကို ကြောက်ရွံ့ရသည်ဟု ၎င်းက ပြောသည်။

### နံနက်စာအခမဲ့ကျွေး

မိုနီကာတို့နေထိုင်ရာနေရာနှင့် အနည်းငယ်အကွာတွင် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိပြီး ယင်းနေရာတွင် ဆင်းရဲသည့်လူပေါင်း ၈၀၀ နီးပါးအတွက် နံနက်စာအခမဲ့ကျွေးသည်ဟု ကြေညာထားသည်။ ယင်းအရေအတွက်မှာ ကပ်ရောဂါကာလမတိုင်မီကထက် နှစ်ဆပိုမိုများပြားသည်။

နေ့စဉ်နှင့်အမျှ အမျိုးသား အမျိုးသမီး၊ ကလေးနှင့် မိသားစုလိုက် လမ်းပေါ်တွင် နေထိုင်ရသည်မှာ တစ်ဆ တစ်ဆ များပြားလာသည်မှာ အံ့ဖွယ်ရာပင်ဖြစ်သည်။

### တိုးမြှင့်ဆောင်ရွက်ပေး

ဆော်ပိုလိုတွင် ခိုလှုံရာနေရာသစ် ဖန်တီးပေးထားပြီး ခုတင် ၂၃၉၃ လုံး ပြင်ဆင်ပေးထားသည်။ အစားအသောက်အခမဲ့ဖြန့်ဝေပေးသည့် ပမာဏကိုလည်း ၇၅၀၀ မှ ၁၀၀၀၀ အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။ အသက် ၂၄ နှစ်အရွယ် ရိုဆာနီဇက်စ်မှာ လက်ရှိတွင် ကိုယ်ဝန် ခုနစ်လရှိနေပြီး အသက် နှစ်နှစ်အရွယ် ကလေးတစ်ဦးလည်း ရှိသည်။

၎င်းမှာ လမ်းပေါ်တွင် ဆော့ကစားနေသည့် သားငယ်ကို စောင့်ကြည့်နေသည်။ ရိုဆာနီဇက်စ် အိမ်ခြေရာမဲ့ဖြစ်နေသည်မှာ သုံးလရှိပြီဖြစ်သည်။ ယခု ၎င်းအတွက် အစိုးရိမ်ရဆုံးကိစ္စမှာ ကလေးများအတွက်ပင်ဖြစ်သည်။

### အချိန်သတ်မှတ်ချက် မရှိသေး

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးအစုလိုက် ထိုးနှံပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ဘူတန်တန် အင်စတီကျုသည် တရုတ်ဆေးကုမ္ပဏီဖြစ်သည့် ဆီနိုဗက်ဘိုင်အိုတက်ချ်နှင့်ပူးပေါင်းကာ ကိုရိုနာဗက် ကာကွယ်ဆေး ခြောက်သန်းကို တင်သွင်းခဲ့သည်။ လူဦးရေအကုန်လုံးကို မည်သည့်အချိန်တွင် အပြီးအစီး ကာကွယ်ဆေးထိုးပေးမည်ဟူသော အချိန်သတ်မှတ်ချက် မရှိပေ။

### ကာကွယ်ဆေးထိုးပြီးသည့်ပမာဏ

ဆော်ပိုလိုပြည်နယ်အစိုးရနှင့် ဘရာဇီးအစိုးရအဖွဲ့တို့ကြား နိုင်ငံရေးအငြင်းပွားမှုရှိနေပြီး ကာကွယ်ဆေးထုတ်လုပ်ရာတွင် ပစ္စည်းပြတ်တောက်မှုများလည်း ရှိသည်။ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၅ ရက်အထိ လူပေါင်း ၁၂၉ ဒသမ ၆၈သန်းမှာ အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။

ယင်းပမာဏမှာ လူဦးရေ၏ ၆၁ ရာခိုင်နှုန်းရှိသည်။ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသည့် အရေအတွက်မှာ ၅၆ ဒသမ ၆၂ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် တွက်ချက်ကြည့်လျှင် ၂၇ ရာခိုင်နှုန်းရှိသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘရာဇီးနိုင်ငံတစ်လွှား ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဇွန်လအထိ မိသားစုပေါင်း ၁၄၃၀၀ မှာ နေအိမ်မှ ဖယ်ရှားခံခဲ့ရသည်။ နောက်ထပ်လူပေါင်း ၈၅၀၀၀ မှာလည်း နေအိမ်မှ ဖယ်ရှားခံရမည့်အရေးနှင့် ရင်ဆိုင်နေရသည်။ ဆော်ပိုလိုမြို့တစ်မြို့တည်းတွင်ပင် လူပေါင်း ၄၀၀၀ နီးပါးမှာ နေအိမ်မှ ဖယ်ရှားခံရပြီး လူပေါင်း ၃၄၀၀၀ မှာလည်း မကြာမီနေအိမ်မှ ဖယ်ရှားခံရမည့်ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရ**



ဆော်ပိုလိုမြို့ ဆင်ခြေဖုံးတစ်နေရာတွင် အိမ်ခြေရာမဲ့ မိသားစုတစ်စုကိုတွေ့ရစဉ်။

# ဩဂုတ် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၈၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၀၄ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၂၈၇ ဦးရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏ ဆေးကြောခြင်း၊
- တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၉–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄၂,၄၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၅၈၃) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၄,၈၁၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၉၅,၈၈၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၂၇၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၄၈,၆၈၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၂၈၇) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃၀–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၈၂)ခု | (၈၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉)ခု | (၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂၃)ခု | (၃၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂)ခု | (၁၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၈)ခု | (၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၀၄)ခု | (၄၇၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈,၂၅၈)ခု | (၂,၉၄၂)ဦး |
| စုစုပေါင်း | (၄၂,၄၉၇)ခု | (၃,၅၈၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်း ခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉–၃–၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁–၁၂–၂၀၂၀) ရက်နေ့တွင် ပြင်ဆင် ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁–၈–၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID–19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀–၉–၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# မိုင်းရယ်မြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးဆက်လက်ထိုးနှံ

**မိုင်းရယ် ဩဂုတ် ၃၀**

မိုင်းရယ်မြို့နယ်တွင် သတ်မှတ်လူဦးရေ ၁၃ အုပ်စုမှ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံထားသူများကို ဒုတိယအကြိမ်အဖြစ် ယနေ့နံနက် ၁၀ နာရီမှစတင်၍ ထိုးနှံပေးသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးများကို မိုင်းရယ်မြို့ အမှတ်(၁) ရပ်ကွက်ရှိ နမ့်ရယ်ခန်းမ၊ ဟိုတိကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ မန်စန့်ကျေးလက်ကျန်းမာရေးဌာန၊ ဟိုယ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တို့တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ စက်ရုံဝန်ထမ်းများ၊ ဈေးရောင်းသူများ စုစုပေါင်း ၂၇၉ဦး ကို ထိုးနှံပေးနိုင်ခဲ့ပြီး ယနေ့အထိ ဆေးထိုးနှံပြီးသူ ၃၃၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကမ်းမယ့်လက် ပရဟိတနှင့် လူမှုကူညီရေးအသင်းတို့မှ ပူးပေါင်းပါဝင် ဆောင်ရွက်သည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**သတင်းအဖွဲ့**

*(ယမန်နေ့မှအဆက်)*

**ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များ**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်၌ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုများကို ဆက်လက်ပြောကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၁) နှင့်အညီ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများကို အသေးစိတ် စိစစ်ခဲ့ကြောင်း၊ မြို့နယ်အသီးသီးတွင်ရှိသည့် မဲရုံပေါင်း ၃၉၉၆၃ ရုံ၌ မဲပေးခဲ့သည့် အခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ ဖွင့်ဖောက်စစ်ဆေးခြင်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများ၏ ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ထားရှိသည့် အခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအလိုက် ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒရှင်ပေါင်း ၃၈၂၇၁၄၄၇ ဦးအနက် ၂၇၅၁၂၈၅၅ ဦး မဲပေးခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့ကြောင်းကို ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပါဝင်ယှဉ်ပြိုင်/ ဆန္ဒမဲပေးမှုအခြေအနေများကို Power Point ဖြင့်တင်ပြထားပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်တွေ့ရှိချက်စာရင်းချုပ်အရ စိစစ်ခဲ့သည့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၊ မဲရုံပေါင်း ၃၉၉၆၃ ရုံ၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ၃၈၂၇၁၄၄၇ **(သုံးဆယ့်ရှစ်သန်း နှစ်သိန်း ခုနစ်သောင်းတစ်ထောင်လေးရာလေးဆယ့်ခုနစ်)** ဦးဖြစ်ကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၁၇၇၅၃၃၀ **(သုံးဆယ့်တစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ငါးထောင်သုံးရာ သုံးဆယ်)**ဦးဖြစ်ပြီး ကွာခြားချက်အနေဖြင့် ၆၄၉၆၁၁၇ **(ခြောက်သန်းလေးသိန်း ကိုးသောင်း ခြောက်ထောင်တစ်ရာ တစ်ဆယ့်ခုနစ်)**ဦးဖြစ်ကြောင်း။

**မဲဆန္ဒရှင်စာရင်းများ**

မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရလက်မှတ်မရှိသူ ၄၈၆၉၄၂၇ **(လေးသန်း ရှစ်သိန်း ခြောက်သောင်း ကိုးထောင်လေးရာ နှစ်ဆယ့်ခုနစ်)**ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းနှင့် မဲစာရင်းတွင် သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅၄၀၅ **(နှစ်သိန်း ကိုးသောင်း ငါးထောင်လေးရာ့ငါး)** ဦး၊ နှစ်ကြိမ် ပါဝင်နေသူ ၃၅၉၆၂၀၆ **(သုံးသန်း ငါးသိန်း ကိုးသောင်းခြောက်ထောင် နှစ်ရာ့ခြောက်)**ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးသည့်(Cross Check)အရ မဲစာရင်းထပ်နေသူ ၁၀၉၁၇၇၆ **(တစ်သန်း ကိုးသောင်း တစ်ထောင် ခုနစ်ရာခုနစ်ဆယ့်ခြောက်)**ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်စစ်ဆေးသည့် (Cross Check) အရ မဲစာရင်းထပ်နေသူ ၁၄၁၇၅၉၈ **(တစ်သန်း လေးသိန်း တစ်သောင်း ခုနစ်ထောင် ငါးရာကိုးဆယ့်ရှစ်)**ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၀၅၆၆ **(နှစ်သောင်း ငါးရာ ခြောက်ဆယ့်ခြောက်)** ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ **(တစ်သောင်း လေးထောင် လေးရာ တစ်ဆယ့်နှစ်)**ဦးဖြစ်ကြောင်း တွေ့ရှိခဲ့သည့်အတွက် မဲမသမာမှုဖြစ်နိုင်သည့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၃၀၅၃၉၀ **(ဆယ့်တစ်သန်း သုံးသိန်း ငါးထောင် သုံးရာ ကိုးဆယ်)** ဦးရှိ၍ မဲဆန္ဒရှင်ပေါင်းရဲ့ **၂၉ ဒသမ ၅၄ ရာခိုင်နှုန်း** ဖြစ်သည်ကို စိစစ် တွေ့ရှိရကြောင်း။

ယခုတင်ပြခဲ့သည့် မဲမသမာမှုဖြစ်နိုင်သည့် မဲဆန္ဒရှင် **၁၁၃၀၅၃၉၀** နှင့် စပ်လျဉ်းသည့် မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စာရင်းအသေးစိတ်အားလုံးကို ယခုခင်းကျင်းပြသထားကြောင်း၊ Hard Copy များကို လည်းကောင်း၊ Soft Copy များကို ကွန်ပျူတာဖြင့်လည်းကောင်း လက်တွေ့စစ်ဆေးကြည့်ရှုနိုင်သည်ဟု တင်ပြအပ်ပါကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းပုံစံ(၁)မှာ တင်ပြပါမဲစာရင်းထပ်နေသူများက ထပ်မံမဲပေးသည့် အခြေအနေကိုလည်း လက်တွေ့ကြည့်ရှုနိုင်ရန်ပြသထားသည်ဟု အသိပေးအပ်ပါကြောင်း။

**ဆန္ဒမဲလက်မှတ်များ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်မဲလက်မှတ်များကို စစ်ဆေးတွေ့ရှိချက်အရ စုစုပေါင်းထုတ်ယူရရှိခဲ့သည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ **(လေးဆယ့် သုံးသန်းလေးထောင်သုံးရာ ရှစ်ဆယ့်နှစ်)** ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သည့် လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈ **(နှစ်ဆယ့် ခုနစ်သန်း ကိုးသောင်း ရှစ်ထောင် ငါးဆယ့်ရှစ်)** ဖြစ်သည့်အတွက် ကျန်ရမည့်အရေအတွက် ၁၅၉၀၆၃၂၄ **(ဆယ့်ငါးသန်း ကိုးသိန်း ခြောက်ထောင် သုံးရာ နှစ်ဆယ့်လေး)** ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ **(ဆယ့်လေးသန်း ကိုးသိန်း နှစ်သောင်း ခုနစ်ရာ ရှစ်ဆယ့်သုံး)** ဖြစ်နေမှုကို စိစစ်တွေ့ရှိရကြောင်း၊ ကွာခြားချက်အနေနှင့် ကျန်ရမည့်အရေအတွက်ထက်လျော့နည်းသည့် မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်တစ်)** ဖြစ်ပြီး အပိုတွေ့ရှိရသည့် မဲလက်မှတ်အရေအတွက်မှာ ၄၃၈၈၅၀ **(လေးသိန်းသုံးသောင်း ရှစ်ထောင် ရှစ်ရာ ငါးဆယ်)**ဖြစ်ကြောင်း၊ တင်ပြပါ လျော့နည်းနှင့် အပိုတွေ့ရှိရသည့် မဲလက်မှတ်များသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ မဲမသမာမှုဖြစ်ပေါ်စေသည်ကို စိစစ်တွေ့ရှိရကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးစိစစ်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အသီးသီးသို့ မြေပြင် ကွင်းဆင်းစစ်ဆေးမှုအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ် တစ်ရပ်လုံးအပေါ် သွမ်းခြုံ သုံးသပ်ချက်အရ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဟုတ်သည်ကို တွေ့ရသည့်အပြင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းများ၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ဥပဒေ၊ နည်းဥပဒေများအား ကျော်လွန်ဖောက်ဖျက် လုပ်ဆောင်ခဲ့ခြင်းများကို စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်တင်မြှောက်ခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ရကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲရလဒ်များပယ်ဖျက်**

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်များ ပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်းပြီး တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့်အညီ မဲစာရင်းများ စစ်ဆေးခြင်း အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ တို့နှင့်အညီ ဆက်လက်လုပ်ဆောင်နိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲလက်မှတ်များကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခြင်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များအရ မဲမသမာမှုဖြစ်နိုင်သောမှားယွင်းသည့် မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဖြစ်ပြီး ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကျန်ရမည့်အရေအတွက်ထက် လျော့နည်းသည့် မဲလက်မှတ်အရေ

*စာမျက်နှာ ၁၇ သို့*



နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ရွေးကောက်ပွဲ မဲလက်မှတ်များကို တွေ့ရစဉ်။

**“ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်းများကို ကိန်းဂဏန်းအချက်အလက်များ၊ စစ်ဆေးတွေ့ရှိချက်များ၊ ခိုင်လုံသည့် သက်သေအထောက်အထားများဖြင့် အကြိမ်ကြိမ်၊ အလီလီ စနစ်တကျ အတည်ပြုထုတ်ပြန်ဆောင်ရွက်ပြီးမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့”**

*စာမျက်နှာ ၁၆ မှ*

အတွက် ၁၄၂၄၃၉၁ **(တစ်သန်းလေးသိန်း နှစ်သောင်း လေးထောင်သုံးရာ ကိုးဆယ့်တစ်)**နှင့် အပိုတွေ့ရသည့် မဲလက်မှတ်အရေအတွက် ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်းရှစ်ထောင်ရှစ်ရာငါးဆယ်)** ဖြစ်ကြောင်းတွေ့ရှိရပြီး ၎င်းမဲလက်မှတ်များသည် မဲမသမာမှုများကို ဖြစ်ပွားစေသည်ဟု စိစစ်တွေ့ရှိရကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင်လည်း ဥပဒေ၊နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် အောက်ပါအချက်များကို တွေ့ရှိရကြောင်း-

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် NLD ပါတီခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များက ခန့်အပ်လိုသူများကို ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို တွေ့ရှိရကြောင်း။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာတွင် ယင်းအဖွဲ့ကြောင့် လူဦးရေစာရင်းများ ပိုမိုထပ်ပြီး မဲဆန္ဒရှင်စာရင်းများ နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

( ဂ ) အသက် ၆၀ နှစ်နှင့် အထက် မဲဆန္ဒရှင်များကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့ဝင်များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

(ဃ) ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည် ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေး ကြေညာချက်ကို ယခင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန် ကြေညာသည့်အတွက် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်းပြီး မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်း။

( င ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သည့် မဲဆန္ဒရှင် သက်သေခံ လက်မှတ် (Voter Slip) များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်းကို တွေ့ရှိရကြောင်း။

(စ) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် ဆန္ဒမဲလက်မှတ်များ မှာယူရိုက်နှိပ်ရာတွင် အမှန်လိုအပ်သည့် ပမာဏထက် ပိုမိုသည့် မဲလက်မှတ်စောင်ရေ ၁၃၉၃၃၁၁၂၀ စောင် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပြီး ထိုသို့ရိုက်နှိပ်ရာတွင် ရွေးကောက်ပွဲကျင်းပသည့် နေ့မတိုင်မီ ၇-၁၁-၂၀၂၀ ရက်နေ့အပါအဝင် ထပ်မံရိုက်နှိပ်မှု ၇ ကြိမ် ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ ဥပဒေနှင့်အညီ UEC တံဆိပ်ပါ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများ သုံးရမည်ဖြစ်သော်လည်း အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များနှင့် အမှန်ခြစ်၍ဆန္ဒပြုထားသောမဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းညွှန်ကြားချက်သည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု၊ မှန်ကန်မှုမရှိသည်ကို တွေ့ရကြောင်း။

( ဇ ) ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မဲစာရင်း ကောက်ယူခြင်း၊ မဲဆွယ် စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်မှာ NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက် မလျော်ဩဇာသုံး၍ မသမာမှုများ ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

( ဈ ) NLD ပါတီမဟုတ်သည့် တခြားနိုင်ငံရေး ပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်တားမြစ်ချက်များကို အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်ပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရကြောင်း။

(ည) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့်လည်း တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### လွတ်လပ်၍ တရားမျှတမှုမရှိ

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှု မရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကြေညာချက် အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်သည့်နေရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မြို့နယ်တစ်ခုချင်းအလိုက် စစ်ဆေးစိစစ်ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်းများကို ကိန်းဂဏန်းအချက်အလက်များ၊ စစ်ဆေးတွေ့ရှိချက်များ၊ ခိုင်လုံသည့် သက်သေ အထောက်အထားများဖြင့် အကြိမ်ကြိမ်၊ အလီလီ စနစ်တကျ အတည်ပြုထုတ်ပြန် ဆောင်ရွက်ပြီးမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ခြင်း ဖြစ်ကြောင်း။

မိမိအနေဖြင့် အထူးတင်ပြလိုသည်မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းဆိုင်ရာ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းဆိုင်ရာအပါအဝင် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး တပ်မတော်က နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှု၍ ပြည်ထောင်စုလွှတ်တော်က သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ၍ ဖြေရှင်းပေးရန် သဘောထားထုတ်ပြန်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှု မရှိခဲ့ခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီမှ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျော်လွန်လုပ်ဆောင်ပြီး ဥပဒေကပေးအပ်ထားသော တာဝန်များ ပျက်ကွက်နေသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အရေးယူပေးရန် နိုင်ငံတော်သမ္မတထံ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သော်လည်း အရေးယူဆောင်ရွက်ခဲ့မှုမရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလွှာတင်သွင်းခြင်းကိုလည်း ကျင်းပရန်မလိုအပ်ကြောင်း ပြန်ကြားငြင်းပယ်ခဲ့ခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုအရာများကို ကြည့်မည်ဆိုလျှင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများအပေါ် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဆိုသည့် နည်းလမ်းများ ပျောက်ဆုံးခဲ့ရကြောင်း၊ မဲမသမာမှုများကို ဖြေရှင်းရန်မလုပ်ဘဲ မသမာမှုများရှိသည့် ရွေးကောက်ပွဲရလဒ်ဖြင့် လွှတ်တော်အတင်းခေါ်ယူရန် ကြိုးစားလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၈ သို့*

# ရသေ့တောင်မြို့တွင် မြစ်ရေတိုက်စားမှုကြောင့် မြေသားကွဲအက်ပျက်စီးသွားခဲ့သည့် ကမ်းနားလမ်း ကွန်ကရစ်လမ်းအခြေအနေကို ကွင်းဆင်းစစ်ဆေး



ရသေ့တောင် ဩဂုတ် ၃၀

ရခိုင်ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရသေ့တောင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် ရသေ့တောင်မြို့ ချောင်းဝရပ်ကွက်ရှိ ဩဂုတ် ၂၇ ရက်က မြစ်ရေတိုက်စားမှုကြောင့် မြေသားကွဲအက်ပျက်စီးခဲ့သည့် မြို့မရဲစခန်းရှေ့ ကမ်းနားလမ်း ကွန်ကရစ်လမ်းအခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လမ်းပျက်စီးသွားခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ပျက်စီးသွားသည့် ကွန်ကရစ်လမ်းကို အမြန်ပြန်လည်ပြုပြင်နိုင်ရေးနှင့် မြစ်ရေတိုက်စားသည့် နေရာများတွင် ကျောက်စီမြေထိန်းနံရံများ ခိုင်ခံ့မှုရှိစေရေးအတွက် ဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေနေသည့် ကန်တော်ကြီး တူးဖော်ထားရှိမှုအခြေအနေ၊ ကန်တော်ကြီးပတ်လည် မြေဧရိယာအနေအထားများနှင့် ရပ်ကွက်များသို့ သောက်သုံးရေ ပေးဝေနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများထံ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **အောင်စံထွန်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်သွင်းခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ်ကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၈ ခုမှ ယာဉ်စီးရေ ၂၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်သုံးစီးဖြင့် ၅၉ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၉၀၀၊ Oxygen Plant ခြောက်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံး Oxygen Concentrator



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အောက်ဆီဂျင် (အရည်)များ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

၃၈၈ ခု၊ Test Kit ၃၀၀၀၊ PPE ဝတ်စုံ ၂၅၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် အရည်(Bowser) ယာဉ်သုံးစီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ခြောက်ခုမှာ ရန်ကုန်မြို့သို့ ငါးခုနှင့် မော်လမြိုင်မြို့သို့ တစ်ခု ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

**လက်ရှိဆောင်ရွက်နေမှု**

ယခုဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မှုအကြောင်းအရာများကို ရှင်းလင်းတင်ပြသွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ်(၁)ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်ရာတွင် စစ်ဆေးတွေ့ရှိချက်များအရ တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြစ်စဉ်များ အပါအဝင် စိစစ်တွေ့ရှိချက်များကိုအခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဆိုင်ရာ၊ ရွေးကောက်ပွဲစနစ်အပါအဝင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများဆိုင်ရာ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများဆိုင်ရာများကို အသေးစိတ်လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို အကျိုးဖြစ်ထွန်းရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

**သင့်လျော်သည့် ရွေးကောက်ပွဲစနစ်**

မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် PR စနစ် ကျင့်သုံးနိုင်ရေးကိုလည်း နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် (၁)ကို ဥပဒေနှင့်အညီ လုပ်ဆောင်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းအချို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းစဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များကို ခင်းကျင်းပြသထားသည့် မဲစာရင်းလက်တွေ့စစ်ဆေးချက်များ၊ ဖမ်းမိထားသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ အချက်အလက်များနှင့် ပတ်သက်ပြီး သံတမန်များ သိလိုသည်များကို လိုက်လံရှင်းလင်းဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၈-၂၀၂၁ အင်္ဂါနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊မောရွှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှျို့ဝှက်ချက်' (အပိုင်း-၁၈)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
**၁၆:၃၅** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၅၅** ပတ်ဝန်းကျင်ထိခိုက်ဆေးလိပ်တရှိုက်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၅၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ရောင်စုံတေးညယျာဉ်
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၃၀)

### mitv

**07:01** News
**07:27** Parami Taw (Hnin Hnin Htoo)
**07:34** Karunar Kabar Home for the Aged (Nay Pyi Taw)
**07:53** Will you feed the pigeons?
**08:01** A Historic Town: 9 Pagodas
**08:14** Village Belle
**08:47** Chef Life "Oliver E Soe Thet"
**09:01** Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
**09:17** Inlay Traditional Lotus Fabric
**09:30** Dances of Myanmar "Gaybar Kayin Traditional Dance"
**09:34** Gardener of Royal Thazin Floral
**09:54** Myanmar Bamboo Xylophone (or) Pattala
**10:28** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**10:48** Kayin Child Boxer

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ရဲ့ထိန်းသိမ်းထားသောရိုးရာတူရိယာများ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ
**ချင်း(လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်ရေးမယ်တို့ချင်းစာ(အပိုင်း-၁၈)
**ချင်း(ဇိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပျားမွေးမြူခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မုဒုံသို့အလည်တစ်ခေါက်(ဘင်လှိုင်ရွှေစေတီ)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဇော်ဘွားကြီးစဝ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်းသမိုင်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဂိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အငွေ'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း


SCAN ME
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သား ငါးများကို စျေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့် စျေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက် လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်းဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၆ခုမှ အိမ်သုံးဆေးဝါး ၂၁၄ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၃၂ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။



အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၁၁ရက် မြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၁၀ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရွေ့လျားစျေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့စျေးကွက်ပေါက်စျေးများ

၃၀ - ၈ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၆၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၅၉၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၆၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၅၉၅၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၀၀/၁၀၃၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၇၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၁၁၅ ကျပ် | ၁၁၇၅/၁၂၁၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၇၄ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၇၄ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၄၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၁ . ၅၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၂၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၀၂ . ၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၅၈ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ . ၈၄၄ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၆၀၀ | ၁၄၂၄၀၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၃၄၀၅ | ၁၀၈၉၆၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀၅ | ၈၁၉၀၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၁ | ၂၀၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉ | ၂၄၃၀၀ |
| EFR | ၃၂၀၀ | ၃၁၀၀ | ၄၁၉ | ၁၂၅၉၈၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၄ | ၁၉၆၀၀ |

ညီညီ - စုစည်းသည်


## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝေဿန္တရာဇာတ်တော်

**မြတ်မင်းလိုင်**

*(ယမန်နေ့မှအဆက်)*

ရထားထမ်းပိုးသည် မြေသို့မကျဘဲ မြင်းကနေသကဲ့သို့ ကောင်းကင်၌ပင် တည်လျက်ရှိနေသည်။ ဘုရားလောင်း၏ ပါရမီတော်ကြောင့် နတ်သားလေးပါးတို့သည် စိုင်လေးစီးအသွင် ဖန်ဆင်း၍ ရထားကို ဆောင်ကြကုန်သည်။ တစ်ဖန်ပုဏ္ဏားတစ်ယောက်သည် ရထားအနီးသို့ ရောက်ရှိလာပြီး ရထားကို အလှူခံ ပြန်သည်။ ဘုရားလောင်းသည် မဒ္ဒီဒေဝီနှင့် သားတော်သမီးတော်တို့ကို ရထားထက်မှ ဆင်းစေပြီး တွန့်တိုခြင်းမရှိ ပေးလှူပြန်သည်။ ထိုအခါ စိုင်လေးစီးတို့သည် ကွယ်ပျောက်သွားလေ၏။ ဘုရားလောင်းသည် ဇာလီအားချီ၍၊ မဒ္ဒီဒေဝီအား ကဏှာဇိန်ကို ချီစေလျက် အချင်းချင်း ချစ်ဖွယ်သောစကားကိုပြောဆို၍ ခြေကျင်ဆက်၍သွားကြသည်။

ဘုရားလောင်းဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီတို့သည် ခရီးဆက်ခဲ့ကြရာ စေတုတ္တရာပြည်တော်မှ ယူဇနာသုံးဆယ်ကွာဝေးသော စေတတိုင်း၊ ဦးရီးတော်မင်းစံရာ မဒ္ဒရာဇ်မင်း၏ ပြည်သို့နေ့ချင်း ရောက်ရှိလေသည်။ (ထိုသို့ယူဇနာသုံးဆယ်ခရီးကို နေ့ချင်းရောက်ရှိခြင်းမှာ နတ်တို့က ခရီးကိုချုံ့၍ နီးအောင်ဖန်ဆင်းခြင်းကြောင့် ဖြစ်သည်။ ) ဘုရားလောင်းတို့သည် မြို့ပြင်တံခါးဝ၌ရှိသော ဇရပ်တွင် နားခိုကြသည်။ စေတမင်းသားနှင့် ဆွေတော်မျိုးတော်များ ကြားသိလျှင် ဇရပ်သို့ တညီတညွတ်တည်း ရောက်လာကြကုန်သည်။ အကြောင်းစုံကို မေးမြန်းကြပြီးနောက် သိဋ္ဌည်းမင်းကြီးအား တောင်းပန်မည့်အကြောင်း လျှောက်ထားကြသည်။ ဘုရားလောင်းက ဝင်္ကပါတောင်သို့ သွားရမည့်ခရီးလမ်းကိုသာ ညွှန်ပြရန် ဆိုလေသည်။ စေတမင်းသားက ဝင်္ကပါတောင်သို့ သွားရောက်ခြင်း မပြုဘဲမင်းစည်းစိမ်ကိုခံစားရန် လျှောက်ထားတောင်းပန်သည်။ ဘုရားလောင်းက လက်မခံဘဲ ပယ်လိုက်ပြီး နောက်တစ်နေ့နံနက် မိုးသောက်သော် ဝင်္ကပါတောင်သို့ ထွက်သွားတော်မူ၏။

စေတမင်းသား ဆွေတော်မျိုးတော်အပေါင်း မင်းခြောက်သောင်းတို့သည် ဘုရားလောင်းတို့အား မဒ္ဒရာဇ်ပြည်မှ ၁၅ ယူဇနာဝေးသော ဟိမဝန္တာတောင်အဝင်ဝအထိ လိုက်ပါပို့ဆောင်ကြသည်။ ဘုရားလောင်းက ဝင်္ကပါတောင်ကို ညွှန်ပြပြီး ပြန်ကြရန်ဆိုသောကြောင့် ထိုဟိမဝန္တာတောမှ ၁၅ ယူဇနာကွာသော ဝင်္ကပါတောင်သို့ သွားရာလမ်းကို ညွှန်ပြကြသည်။ ထို့နောက် ငိုယို၍ ပြန်ကြလေသည်။ ဘုရားလောင်းတို့သည် တောစပ်မှ ဂန္ဓမာဒနတောင်၊ ထိုမှဝေပုလ္လတောင်နှင့် ကေတုမတီမြစ်၊ ထိုမှလွန်သော် သာနုတောင်ထိပ်ပင် ညောင်ပင်၊ ထိုမှနောလိကကျောက်တောင်၊ မုစလိန္ဒာအိုင် စသည်ဖြင့် ၁၅ ယူဇနာခရီးကို ဆက်လက်ထွက်ခွာကြသည်။ ဝင်္ကပါတောင်သို့ ရောက်သည့်အခါ ဝိသကြုံနတ် ဖန်ဆင်းသောကျောင်းသင်္ခမ်းကို တွေ့ကြရသည်။ ထိုကျောင်းသင်္ခမ်း၌ မင်းလေးပါးတို့သည် ရသေ့အသွင်အသီးသီး ဝတ်ဆင်ကျင့်သုံးလျက်ရှိနေကြကုန်သည်။ ခုနစ်လတိုင် ကြာမြင့်လာခဲ့သည်။

ထိုအချိန်တွင် ကလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌအမည်ရှိသော ပုဏ္ဏားရွာ၌ နေသောဇူဇကာ ပုဏ္ဏားသည် လှည့်လည်အလှူခံရာ အသပြာတစ်ရာ ရ၏။ ထိုအသပြာတစ်ရာကို ပုဏ္ဏားတစ်ဦးထံ၌ အပ်နှံထား၏။ ဇူဇကာ ပုဏ္ဏားသည် အလှူခံရန် အရပ်တစ်ပါးသို့ ထပ်မံထွက်ခွာသွားပြီး နှစ်ကာလကြာမြင့်သောအခါ ရွာသို့ပြန်လည်ရောက်ရှိလာသည်။ ဇူဇကာပုဏ္ဏား၏ အသပြာကို သိမ်းထားသော ပုဏ္ဏားသည် သုံးစား၍ ကုန်ခဲ့လေသည်။ ပုဏ္ဏားသည် ဇူဇကာပုဏ္ဏားအား အသပြာကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိ၍ သမီးပျို အမိတ္တာပုံအား ပေးရလေသည်။ ဇူဇကာ ပုဏ္ဏားသည် အမိတ္တာပုံအားခေါ်ယူ၍ ဒုန္နိဝိဋ္ဌရွာ၌ နေလေသည်။ အမိတ္တာပုံ သည် အကျင့်သီလနှင့် ပြည့်စုံပြီး သက်ကြီးရွယ်အို လင်ယောကျ်ားဇူဇကာ ပုဏ္ဏားအပေါ် ရိုသေစွာ အလုပ်အကျွေး ပြုစုလေသည်။ ထိုအခြင်းအရာကို မြင်ကြသော အခြားပုဏ္ဏားများ သည်နေအိမ်သို့ အသီးသီးပြန်ရောက်ကြလျှင် မိမိတို့၏ ဇနီးများသည် မရိုမသေ ပြုကြသည်ကိုပြစ်တင်ဆဲရေးကြလေသည်။ ထိုပုဏ္ဏေးမများ သည် အမိတ္တာပုံကြောင့် လင်ယောကျ်ားတို့၏ အပြစ်တင်ခံရသည်ဟု ဆိုကာအမိတ္တာပုံအား အငြိုးထားကြသည်။ အမိတ္တာပုံအား ရွာ၌ မနေဝံ့အောင် ဝိုင်း၍အရှက်ခွဲဆဲဆို အပြစ်တင်ပြောဆိုကြသည်။ အမိတ္တာပုံလည်း ရေဆိပ်သို့ပင် မဆင်းရဲတော့ဘဲ ဖြစ်နေသည်။ ထို့နောက် လင်အို ပုဏ္ဏားဇူဇကာအား အခိုင်းအစေ ရှာဖွေပေးရန် ပူဆာတော့သည်။ ဇူဇကာပုဏ္ဏားက အခိုင်းအစေရှာရန် ခက်ခဲ၍ မိမိသာအလုပ်အကျွေး ပြုတော့မည်ဟု ဆိုလေသည်။ ထိုအခါ အမိတ္တာပုံက ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတောင်၌ နေသည်။ ဝင်္ကပါတောင်သို့သွား၍ အခိုင်းအစေကို အလှူခံက မင်းကြီးသည် ပေးလှူမည်ဖြစ်သည်ဟု ဆိုလေသည်။

ဇူဇကာပုဏ္ဏားလည်း မနေသာတော့ပြီဖြစ်၍ လမ်းခရီး၌ စားသောက်ရန် ရိက္ခာတို့ကိုယူဆောင်ပြီး ဝါးရင်းတောင်ဝှေးကို ထောက်လျက် စေတုတ္တရာပြည်သို့ ရှေးရှုထွက်ခွာခဲ့လေသည်။ စေတုတ္တရာပြည်သို့ ရောက်လျှင် ပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးရှိရာအရပ်ကို စုံစမ်းမေးမြန်းလေသည်။ ပြည်သူပြည်သားအပေါင်းတို့က အလှူခံမည့်ပုဏ္ဏားဖြစ်သည်ကို သိရှိ၍ခြိမ်းခြောက်ကြသည်။ ပုဏ္ဏားလည်း ထွက်ပြေးရင်းဖြင့် ဝင်္ကပါတောင်သို့သွားရာလမ်း တောအုပ်သို့ ရောက်ရှိလေသည်။ တောအုပ်အဝင်တွင် စေတမုဆိုးနှင့် တွေ့ဆုံသည်။ မုဆိုး၏ ခွေးတို့သည် ပုဏ္ဏားကိုမြင်လျှင် ကိုက်ခဲရန်လိုက်ကြသည်။ မုဆိုးခွေးများ၏ရန်မှ ဝေးရန် သစ်ပင်ထက်သို့ တက်ပြေးရလေသည်။ ထိုအချိန်တွင် စေတမုဆိုးရောက်ရှိလာပြီး ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးအား ဒုက္ခပေးရန် ရောက်ရှိလာသည်ကို သိသဖြင့် လေးဖြင့်ပစ်ရန် ရွယ်လေသည်။ ထိုအခါ ပုဏ္ဏားကြီးသည် သိဋ္ဌည်းမင်းက စေလွှတ်လိုက်သော စေတမန်ဖြစ်ပြီး ဝေဿန္တရာမင်းကြီးအား ခေါ်ဆောင်ရန်ရောက်ရှိလာလေဟန် လိမ်လည်၍ ပြောဆိုလေသည်။

စေတမုဆိုးလည်း ယုံကြည်ကာ ဝေဿန္တရာမင်းကြီးရှိရာအရပ်သို့ ညွှန်ပြပေးလေတော့သည်။ ဇူဇကာပုဏ္ဏားသည် ခရီးဆက်ခဲ့ရာ အစ္စုတရှင်ရသေ့သီတင်းသုံးရာ ကျောင်းသင်္ခမ်းသို့ ရောက်ရှိလေသည်။ ပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးထံမှ အလှူခံရန်လာသည်ကို ရှင်ရသေ့ကသိရှိ၍ မင်းကြီးထံမသွားရန် တားမြစ်သည်။ ထိုအခါ ပုဏ္ဏားက မိမိသည် မင်းကြီး၏ဆရာပုရောဟိတ်ဖြစ်ကြောင်း၊ မင်းကြီးအား ဖူးမြင်လို၍လာကြောင်း လိမ်လည်ပြောဆိုပြန်သည်။ ရှင်ရသေ့လည်း ယုံကြည်တော်မူသဖြင့် ဝေဿန္တရာမင်းကြီး၏ ကျောင်းသင်္ခမ်းရှိရာ အရပ်ကို ညွှန်ပြပေးလိုက်သည်။ ဇူဇကာပုဏ္ဏားသည် ခရီးဆက်ရင်းဖြင့် မဒ္ဒီဒေဝီ မရှိခိုက်တွင် အလှူခံပါကသင့်တော်မည်ဟု တွေးတောမိသည်။ ထို့ကြောင့် လေးထောင့်ကန်အနီး သာနုတောင်ထိပ်သစ်ပင်အောက်တွင် အိပ်လေသည်။

မဒ္ဒီဒေဝီသည် ထိုညက အိပ်မက်မြင်မက်သည်။ မည်းနက်ပြီး ရုပ်အသွင်ဆိုးဝါးသော ယောကျ်ားတစ်ဦးသည် ဖန်ရည်စွန်းသောပုဆိုးကို ဝတ်ဆင်ထားသည်။ နားနှစ်ဖက်၌နီရဲသော ပန်းကိုပန်လျက် လက်နက်ကိုင်စွဲထားသည်။ မဒ္ဒီဒေဝီ၏ အိပ်ရာသင်္ခမ်းတွင်းသို့ အတင်းခြိမ်းခြောက်ကာဝင်သည်။ ထို့နောက် မဒ္ဒီဒေဝီမိဖုရား၏ ဆံကျစ်ကိုဆွဲကာမြေ၌ လဲစေသည်။ မဒ္ဒီဒေဝီက ငိုကြွေးနေစဉ် မိဖုရား၏ မျက်စိနှစ်လုံးကို ထုတ်ယူသည့်အပြင် လက်နှစ်ဖက်ကိုလည်းဖြတ်ကာ ရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကို နုတ်ယူသွားသည်။ ထိုသို့သော အိပ်မက်ကို မြင်မက်သဖြင့် မဒ္ဒီဒေဝီသည် ကြောက်လန့်ကာ အိပ်ရာမှ နိုးလာသည်။ ဝေဿန္တရာမင်းကြီးထံသို့ သွားရောက်၍ မိမိအိပ်မက်အကြောင်းကို ပြောပြသည်။ ဝေဿန္တရာမင်းကြီးက မိမိ၏ ဒါနပါရမီဖြည့်ရတော့မည်ကို သိရှိလေသည်။ သို့သော် မိဖုရားစိတ်ချောက်ချား၍ အိပ်မက်ခြင်းဖြစ်ကြောင်း၊ အိပ်မက်အတိုင်း အကျိုးအပြစ်ဖြစ်သည်မဟုတ်၍ စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ရန်ဖျောင်းဖျပြောဆိုလေသည်။ မဒ္ဒီဒေဝီလည်း နံနက်မိုးသောက်သည့်အခါပြုမြဲကိစ္စများ ဆောင်ရွက်ပြီးလျှင် သစ်သီးသစ်မြစ်ရှာရန် တောသို့ သွားလေသည်။

ဇူဇကာပုဏ္ဏားသည်လည်း ဝေဿန္တရာမင်းကြီးရှိရာ ကျောင်းသင်္ခမ်းသို့ ရှေးရှု၍ရောက်လာခဲ့လေသည်။ ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည် ကျောင်းသင်္ခမ်းတံခါးဝ၌ ခင်းထားသောကျောက်ပြင်ပေါ်၌ ရွှေဆင်းကဲ့သို့ ထိုင်တော်မူလျက် အလှူခံကိုစောင့်ဆိုင်းနေသည်။ သားတော်သမီးတော်တို့သည် ဘုရားလောင်း၏အပါး၌ ကစားလျက်နေကြသည်။ ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏားလာသည်ကိုမြင်၍ သားတော်ဇာလီအား မြင်သလောဟုမေးမြန်း၏။ ဇာလီမင်းသားကလည်း မြင်ပါကြောင်းနှင့် ပုဏ္ဏားအသွင်နှင့် တူကြောင်းဖြေကြားသည်။ ဇာလီမင်းသားသည် ပုဏ္ဏားအား ခရီးဦး ကြိုဆိုခွင့်ပန်သည်။ ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏားအား လာရင်းအကြောင်းကို မေးတော်မူ၏။

ပုဏ္ဏားသည် သားတော်သမီးတော် နှစ်ပါးတို့အား အခိုင်းအစေအဖြစ် လှူတော်မူပါရန် တောင်းခံလေသည်။ ဝေဿန္တရာမင်းကြီးက မဒ္ဒီဒေဝီ ပြန်ရောက်သည်အထိ စောင့်ဆိုင်းရန်၊ တစ်ညမျှနားနေရန် ပြောကြားသည်။ ပုဏ္ဏားလည်း မဒ္ဒီဒေဝီရောက်ရှိလာက ၎င်း၏ အလိုမပြည့်မည်ကို စိုးရိမ်သဖြင့် ချက်ချင်းပင် သားတော်သမီးတော်များကို ခေါ်ယူသွားခွင့်ပြုရန် တောင်းခံပြန်သည်။ ဝေဿန္တရာမင်းကြီးက မဒ္ဒီဒေဝီ မရောက်မီခေါ်လိုက ခေါ်သွားပြီး ဘိုးတော်သိဋ္ဌည်းမင်းကြီးထံ အရောက်ပို့ရန် ပြောလေသည်။ ပုဏ္ဏားက မိမိ၏ဇနီး အမိတ္တာပုံ၏ အခိုင်းအစေအဖြစ် အလုပ်အကျွေးပြုစေမည်ဖြစ်ကြောင်း ဆိုလေသည်။ ဤသို့ဇူဇကာပုဏ္ဏား၏စကားကို မင်းသားဇာလီနှင့် မင်းသမီးကဏှာဇိန်တို့ကြားလျှင် လွန်စွာကြောက်ရွံ့သဖြင့် ကျောင်းသင်္ခမ်းနောက်ရှိ ချုံအတွင်း၌ ပုန်းနေကြလေသည်။ သို့သော် ပုဏ္ဏားအလွယ်တကူ ရှာဖွေတွေ့နိုင်သည်ကို ဆင်ခြင်မိကာ ရေကန်ထဲသို့ဆင်းလျက် ကြာဖက်အုပ်မိုး၍ ငုပ်လျှိုးပုန်းကွယ် နေကြလေသည်။

ဇူဇကာပုဏ္ဏားသည် သားတော်သမီးတော်တို့ကို မတွေ့လျှင် ဘုရားလောင်းအား ပြစ်တင်စကားဆိုလေသည်။ ထိုအခါ ဘုရားလောင်းသည် သားတော် သမီးတော်တို့ကိုခေါ်၍ ပုဏ္ဏား၏ဆဲရေးဆိုမြည် ညှဉ်းဆဲနှိပ်စက်ခြင်းကို သည်းခံကာ ခမည်းတော်၏ ဒါနပါရမီကို ဖြည့်ဆည်းကြရန် တိုက်တွန်းပြောဆိုလေသည်။ ဦးစွာဇာလီမင်းသားသည် ခမည်းတော်အား တစ်ခွန်းမျှပြန်၍မလျှောက်ထားတော့၊ ပုဏ္ဏားပြုလိုရာပြုစေတော့ဟု ကြံရွယ်ကာ ရေထဲမှ တက်လာပြီး ခမည်းတော်၏ လက်ယာခြေရင်းတွင် ဝပ်လျက်ခြေကိုကိုင်လျက် ငိုကြွေး၏။ ထိုအခါ မင်းကြီးသည် သမီးတော်ကို ထပ်မံခေါ်ပြန်သည်။ သမီးတော်လည်း တစ်ခွန်းမျှမပြောဘဲ ရေကန်မှတက်ကာ ခမည်းတော်၏ လက်ဝဲခြေရင်း၌ ဝပ်ကာ ခြေကိုကိုင်ကာ ငိုကြွေးလေသည်။ မင်းကြီးက သားတော်သမီးတော်တို့အား နှစ်သိမ့်စကားဆိုကာ ပုဏ္ဏားအား လှူလိုက်လေသည်။ ထို့အပြင် သားနှင့် သမီးတို့အား နွား၊ ကျွဲ၊ ဆင်၊ မြင်းကို အဖိုးဖြတ်သကဲ့သို့ တန်ဖိုးဖြတ်တော်မူ၏။ မင်းသားဇာလီသည် ပုဏ္ဏားအား တော်လှန်လိုက ရွှေစင်နိက္ခတစ်ထောင်ပေး၍ တော်လှန်ရမည်။ သမီးတော် ကဏှာဇိန်သည် ကျွန်ယောကျ်ားတစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ ရွှေစင်နိက္ခတစ်ရာ၊ ငွေစင်တစ်ရာပေး၍ တော်လှန်တော့ဟု ဆုံးဖြတ်သည်။ ထို့နောက် သမီးတော် သားတော်တို့အား ပုဏ္ဏားထံ ရေစက်သွန်းချကာ လှူဒါန်းလိုက်လေသည်။ ထိုအခါ ပထဝီမြေကြီးသည် ပွဲတင်ထပ်ပြင်းစွာတုန်လှုပ်လေသည်။ ငါးကြိမ်မြောက် မြေလှုပ်ခြင်း ဖြစ်ပေသည်။

ထိုအခါ ပုဏ္ဏားသည် သားတော်သမီးတော် နှစ်ပါးတို့၏ လက်ကို နွယ်ကြိုးဖြင့် တုပ်နှောင်၍ ရိုက်ပုတ်ခေါ်ဆောင်သွားလေသည်။ မင်းသား မင်းသမီးတို့၏ ကိုယ်၌ သွေးတို့ယိုစီးကာ နာကျင်ကြသဖြင့် ကိုယ်တိမ်းကာ မညီမညာ လျှောက်ကြသည်။ ထိုအခါ ဇူဇကာပုဏ္ဏားသည် ခြေလက်မထိန်းနိုင်ဘဲ ချော်လဲကျလေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**“ သားနှင့် သမီးတို့အား နွား၊ ကျွဲ၊ ဆင်၊ မြင်းကို အဖိုးဖြတ်သကဲ့သို့ တန်ဖိုးဖြတ်တော်မူ၏။ မင်းသားဇာလီသည် ပုဏ္ဏားအား တော်လှန်လိုက ရွှေစင်နိက္ခတစ်ထောင်ပေး၍ တော်လှန်ရမည်။ သမီးတော် ကဏှာဇိန်သည် ကျွန်ယောကျ်ား တစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘ တစ်ရာ၊ ရွှေစင်နိက္ခတစ်ရာ၊ ငွေစင်တစ်ရာပေး၍ တော်လှန်တော့ဟု ဆုံးဖြတ်သည်။ ထို့နောက် သမီးတော် သားတော်တို့အား ပုဏ္ဏားထံ ရေစက်သွန်းချကာ လှူဒါန်းလိုက်လေသည် ”**

# WHO ကျွမ်းကျင် ပညာရှင်တွေက ကိုဗစ် – ၁၉ တတိယလှိုင်းအနေနဲ့ အောက်တိုဘာလမှာ ကျဆင်းနိုင်တယ်လို့ ခန့်မှန်း ထား

**ဒေါက်တာခင်ခင်ကြီး**

တဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးတွေကို မူဆယ်နဲ့ နမ့်ခမ်းမှာရှိတဲ့ အသက် ၁၈ နှစ်အထက် လူဦးရေအားလုံးကို ထိုးနှံပေးဖို့နဲ့ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှာ ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်ကုသရေးစင်တာ ဆောက်လုပ်တာတွေကို ရေတိုရေရှည်စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်။ ဒါတွေက လက်ရှိ ကိုဗစ်–၁၉ တတိယလှိုင်းမှာ ဆောင်ရွက်ချက်တွေ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ချက်တွေကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်လို့ ကူးစက်မှုတွေက ကျဆင်းလာတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။** ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး ။ ။** လက်ရှိ ကိုဗစ် – ၁၉ တတိယ လှိုင်းက ကျဆင်းလာတဲ့အနေအထား တွေ့နေရပါပြီ။ သို့သော် အောက်ခြေထိရောက်သွားတာ မဟုတ်သေးပါဘူး။ ဘယ်လောက်ကြာနိုင်သလဲဆိုရင် နှစ်ပတ်၊ တစ်လလောက်အထိ ကြာနိုင်ပါတယ်။ WHO ကျွမ်းကျင် ပညာရှင်တွေက ကိုဗစ် – ၁၉ တတိယလှိုင်းအနေနဲ့ အောက်တိုဘာလမှာ ကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ နောက် တစ်လကျော်လောက် ရှန်းကန်ရဦးမယ့်အနေအထား ဖြစ်ပါတယ်။

Stay at Home လုပ်တယ်ဆိုတာ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ အချို့တွေက ပြောတယ်၊ ကျွန်မတို့မြို့နယ်မှာ ရောဂါဖြစ်ပွားမှုတွေက သိပ်မများဘူး၊ Stay at Home ပါနေတယ်။ အချို့က ရောဂါဖြစ်ပွားမှုများတယ်၊ ဘာကြောင့် Stay at Home မပါသေးတာလဲ စသဖြင့်ပြောနေကြတာတွေနဲ့ ပတ်သက်ပြီး ရှင်းပြလိုပါတယ်။

**ရောဂါဖြစ်ပွားမှုအခြေအနေကို သုံးသပ်တဲ့အခါ ပိုးတွေ့လူနာအရေအတွက် တစ်ခုတည်းကို စဉ်းစားတာ မဟုတ်ပါဘူး။ ပိုးတွေ့လူနာသစ်ဦးရေ၊ ပိုးတွေ့ရာခိုင်နှုန်း၊ တစ်စတုရန်း ကီလိုမီတာမှာ လူဦးရေ ဘယ်လောက်နေထိုင်သလဲ၊ ရောဂါကူးစက်ပျံ့နှံ့မှုက အသိုက်အဝန်းတစ်ခုတည်းမှာ အများကြီးဖြစ်နေတာလား၊ ဟိုတစ်စု ဒီတစ်စု ဖြစ်နေတာလား၊ ဒါမှ မဟုတ် တစ်နေရာတည်းမှာ အစုလိုက် အပြုံလိုက်ဖြစ်နေတာလား၊ ပြည်တွင်းက ကူးစက်တာလား၊ နိုင်ငံခြားက ပြန်လာသူတွေက ကူးစက် တာလား စသဖြင့် ဒါမျိုးတွေကို ကြည့်ပါတယ်။**

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်တဲ့အခြေအနေ၊ လူအင်အား၊ ဓာတ်ခွဲစမ်းသပ်မှု၊ ရောဂါကာကွယ်ရေးသတ်မှတ်ချက်တွေကို ပြည်သူလူထုက လိုက်နာ ဆောင်ရွက်နိုင်တဲ့အနေအထား၊ အချို့ မြို့နယ်တွေနဲ့ ကူးလူးဆက်သွယ်နိုင်မှုက အချက်အချာကျသလား၊ ရွှေ့ပြောင်းလုပ်သားတွေရှိလား၊ စက်ရုံအလုပ်ရုံတွေများလား၊ နယ်စပ်ဒေသနဲ့ ဆက်စပ်မှုရှိသလား စတဲ့ အချက်တွေအပေါ်မူတည်ပြီး အဘက်ဘက်က သုံးသပ်ဆောင်ရွက်ထားတယ်ဆိုတာ ပြောချင်ပါတယ်။

စာမျက်နှာ ၂၂ သို့

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၈ ရက် ည ၈နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

*(ယမန်နေ့မှအဆက်)*

ကိုဗစ်–၁၉ တတိယလှိုင်းမှာ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ပြည်ပနိုင်ငံတွေကနေ ဝင်ရောက်ကူးစက်မှု မရှိစေရေး သေချာစောင့်ကြပ်ကြည့်ရှုပါတယ်။ ကူးစက်မှုများတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ယူကေနိုင်ငံတွေက ပြန်လာသူတွေကို ကွာရန်တင်း ၁၄ ရက်ထားပါတယ်။ ရောက်ပြီး ၃ ရက်နဲ့ ၁၁ ရက်မှာ ဓာတ်ခွဲနမူနာစစ်ဆေးပါတယ်။ ကျန်တဲ့နိုင်ငံတွေက ဝင်ရောက်လာသူတွေကို ကွာရန်တင်း ၁၀ ရက်ထားပါတယ်။ ၃ ရက်နဲ့ ၇ ရက်မှာ စစ်ဆေးပါတယ်။ PCR နဲ့ စစ်ဆေးတာ ဖြစ်ပါတယ်။

စစ်ဆေးပြီး ပိုးမတွေ့ဘူးဆိုမှ ကွာရန်တင်းက လွှတ်ပေးတာ ဖြစ်ပါတယ်။ လေကြောင်း၊ ရေကြောင်းကနေ ကူးစက်မှုတွေမလာစေဖို့၊ ကုန်းလမ်းက ဝင်ရောက်လာသူတွေကနေ တစ်ဆင့် အခြားသူတွေကို ကူးစက်မှုမရှိစေဖို့ အသွားအလာ ၁၀ ရက် ကန့်သတ်တာတွေကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုက ကိုဗစ်–၁၉ ရောဂါပိုးကူးစက်ခံရသူတွေကို စောစီးစွာရှာဖွေဖော်ထုတ်ဖို့ အရေးကြီးပါတယ်။ ဒီလို ရှာဖွေဖော်ထုတ်ဖို့ ဓာတ်ခွဲစစ်ဆေးမှု(Test) လိုပါတယ်။ Test လို့ ပြောပေမယ့် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်တွေမလိုက်နာဘူးဆိုရင် စစ်သာစစ်တယ် အလကားပဲ၊ အဓိပ္ပာယ်မရှိဘူးလို့ WHO က ပြောထားပါတယ်။

ဒါကြောင့် သံသယလက္ခဏာရှိတဲ့သူတွေကို စစ်ဆေးပါတယ်။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးနိုင်ဖို့ Test Center တွေ ဖွင့်လှစ်တာ ရှိပါတယ်။ မြို့နယ်အလိုက် Mobile Swab Team တွေက Rapid Test တွေနဲ့စစ်ပါတယ်။ ဒါကို WHO က Rapid Test နဲ့ စစ်တယ်ဆိုတာ အချိန်တိုတိုအတွင်းမှာ အဖြေရပါတယ်၊ နေရာမရွေး သွားရောက်စစ်ဆေးနိုင်တယ်၊ အလွယ်တကူလုပ်ဆောင်နိုင်တဲ့အတွက် အကျိုးရှိပါတယ်လို့ ပြောထားပါတယ်။ နောက်တပ်မတော်က ကျန်းမာရေးဝန်ကြီးဌာနဓာတ်ခွဲခန်းတွေမှာ PCR နဲ့ စစ်ဆေးတာတွေ ရှိပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကဆေးရုံ/ဆေးခန်းတွေမှာ PCR နဲ့ Rapid Test စစ်ဆေးမှုတွေကို ခွင့်ပြုပါတယ်။ ဒီလိုနည်းနဲ့ ရောဂါရှိတဲ့သူတွေကို စောစီးစွာဖော်ထုတ်နိုင်ဖို့ ဆောင်ရွက်ပါတယ်။

အတည်ပြုလူနာကတစ်ဆင့် အခြားသူတွေကို ကူးစက်မှုမရှိစေဖို့ သူတို့ရဲ့ ရောဂါပြင်းထန်မှုအပေါ် မူတည်ပြီး ဆေးရုံတွေ၊ ကိုဗစ်ကုသရေးစင်တာတွေမှာ ထားရှိပြီး ကုသပေးပါတယ်။ Community Positive Center တွေ ဖွင့်လှစ်ပါတယ်။ ပုဂ္ဂလိကဆေးရုံတွေမှာလည်း လူနာတွေ လက်ခံကုသပေးဖို့ ဆောင်ရွက်သလို အောက်ဆီဂျင်ရရှိရေးကို ရေတို၊ ရေရှည် ရည်မှန်းချက်တွေချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ လက်ရှိအောက်ဆီဂျင်လိုအပ်ချက်နဲ့စာ



ရင် ထုတ်လုပ်နိုင်စွမ်းက ပိုပြီးများလာတဲ့ အနေအထားကို တွေ့ရမှာ ဖြစ်ပါတယ်။

စစ်ဆေးလို့ ပိုးတွေ့တယ်ဆိုရင် သူတို့ရဲ့ မိသားစုဝင်တွေနဲ့ လုပ်ငန်းခွင်ကမိတ်ဆွေတွေ စတဲ့အနီးကပ်ထိတွေ့သူတွေကို အသွားအလာ ၁၀ ရက် ကန့်သတ်ထားပြီး ၃ ရက်နဲ့ ၁၀ ရက်မြောက်တဲ့ နေ့တွေမှာ စစ်ဆေးပါတယ်။ နောက် Stay at Home မြို့နယ်တွေက လာတဲ့သူတွေကို အသွားအလာ ၁၀ ရက် ကန့်သတ်ထားပြီး ၃ ရက်နဲ့ ၁၀ ရက်မြောက်နေ့တွေမှာ စစ်ဆေးပါတယ်။ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့သူတွေကို ဝေဒနာပြင်းထန်မှု၊ အသက်အရွယ်၊ နောက်ခံရောဂါအပေါ်မူတည်ပြီး ကုသရမယ့် ဆေးရုံနဲ့ ကုသရေးဌာနတွေကို လွှဲပြောင်းပေးတာတွေ ရှိပါတယ်။

ကူးစက်မှုများတဲ့ မြို့နယ်တွေကို Stay at Home အိမ်မှာနေထိုင်စေရေး အစီအစဉ်ချမှတ် လုပ်ဆောင်နေတာ အခုဆိုရင် ၁၁၉ မြို့နယ်ရှိပြီဖြစ်ပါတယ်။ Stay at Home မဟုတ်တဲ့ မြို့နယ်တွေမှာ ရောဂါကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့အသိပေးတာ၊ သတိပေးတာ၊ ပညာပေးတာ၊ လိုက်နာမှု အားနည်းရင် အရေးယူတာတွေ ရှိပါတယ်။

ကူးစက်မှုအခြေအနေအပေါ် မူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ကျန်းမာရေးဌာနတွေ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေက Stay at Home မလုပ်ဘဲ ဒေသအလိုက် အသွားအလာကန့်သတ်တာ၊ အချိန်ကန့်သတ်မှုနဲ့ အိမ်ပြင်ထွက်ခွင့် (Movement Control) ဆောင်ရွက်ပါတယ်။ အချို့နေရာတွေက လူနေကလည်း ကျဲပါးတယ်။ ဖြစ်တာကလည်း အုပ်စုလိုက်ဖြစ်တယ်ဆိုရင် ဖြစ်တဲ့နေရာကိုလုပ်ခြင်းဖြင့် ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ အုပ်ချုပ်ရေး စတဲ့ကိစ္စရပ်တွေကို ကောင်းမွန်စွာဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။

ရုံးပိတ်ရက်တွေကို ခြောက်ကြိမ် ပိတ်ပေးပါတယ်။ စာသင်ကျောင်းတွေလည်း ပိတ်တယ်။ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေအပေါ်မူတည်ပြီး ပြည်သူလူထုထဲမှာ ကူးစက်နိုင်ခြေရှိတဲ့သူတွေကို ကျန်းမာရေးအသိပညာပိုပေးတယ်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အကျဉ်းထောင်၊ ဘိုးဘွားရိပ်သာနဲ့ စာသင်ကျောင်းတွေကို အသိပညာပေးပါတယ်။

ဒီနှစ်ထဲမှာ ကာကွယ်ဆေး အနည်းဆုံး ၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ဖို့နဲ့ ဒီထက်ပိုပြီး ထိုးနှံနိုင်ဖို့ ဆောင်ရွက်ပါမယ်။ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေက ဩဂုတ်လ ၂၂ ရက်အထိ ၄ ဒသမ ၄၆ သန်း ထိုးနှံပြီးဖြစ်ပါတယ်။ ဒီထဲမှာ တစ်ကြိမ်တည်း ထိုးနှံရသေးသူ ၂ ဒသမ ၆၆ သန်းနဲ့ အကြိမ်ပြည့် နှစ်ကြိမ်ထိုးနှံပြီးသူ ၁ ဒသမ ၈ သန်း ပါဝင်ပါတယ်။

ကာကွယ်ဆေးတွေကို ဦးတည်အုပ်စုအလိုက် ထိုးနှံပေးသလို သက်ဆိုင်ရာနီးနွယ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို မိမိတစ်နိုင်ငံတည်း ဆောင်ရွက်လို့ မရပါဘူး။ ASEAN Network, ASEAN + 3 Network နဲ့ WHO Network ဆိုတာတွေ ရှိပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ရောဂါဖြစ်ပွားမှုတွေကို သေချာစောင့်ကြည့် လေ့လာပါတယ်။ အာဆီယံနိုင်ငံတွေနဲ့ သတင်းအချက်အလက်တွေ ဖလှယ်ပါတယ်။

ကိုဗစ်–၁၉ က ဘယ်လောက်ကြာတဲ့အထိ ဖြစ်မယ်ဆိုတာ မသိနိုင်တဲ့အတွက် စီးပွားရေးထိခိုက်မှုလျော့ပါးစေဖို့အတွက် စီမံထားပါတယ်။ တရုတ်–မြန်မာနယ်စပ်က ကုန်သွယ်ရေးဂိတ်တွေမှာ ဖျားနာမှု ရှိ/မရှိ Surveillance လုပ်ငန်းဆောင်ရွက်တာ၊ ကိုဗစ်–၁၉ ရှိ/ မရှိ စစ်ဆေးတာ၊ လိုအပ်ရင် ကွာရန်တင်းထားရှိတာ၊ ကုသရေးစင်တာနဲ့ဆေးရုံတွေ ပြင်ဆင်တာတွေ လုပ်ပါတယ်။

မူဆယ်ဆေးရုံမှာရှိတဲ့ ဓာတ်ခွဲခန်းကို အဆင့်မြှင့်တင်ပါတယ်။ တရုတ်နိုင်ငံက လှူဒါန်းဖို့ စီစဉ်ထား

# ကယားပြည်နယ်အစိုးရအဖွဲ့က ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ငွေလှူဒါန်း



**လွိုင်ကော် ဩဂုတ် ၃၀**

ကယားပြည်နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဟင်းလျာများအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်ရုံးတို့မှ အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၃၀ ရက်က ပြည်နယ်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယနေ့အချိန်ကာလတွင် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများ၌ ဆွမ်းဟင်းလျာများ အခက်အခဲရှိနိုင်သဖြင့် မိမိတို့အနေဖြင့် ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လစဉ်လှူဒါန်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင် ၂၄ ကျောင်းအတွက် အလှူတော်ငွေကျပ် ၁၄၉၀၄၀၀၀ ကို လှူဒါန်းရာ ဆရာတော်များနှင့် သီလရှင်များကိုယ်စား ပြည်နယ်သာသနာရေးမှူးရုံးမှ ဒုတိယညွှန်မှူး ဦးသန်းထွေးနှင့် ဦးစီးအရာရှိ ဒေါ်အိဖြူဖြူခိုင်တို့က လက်ခံယူသည်။

ပြည်နယ်
(ပြန်/ဆက်)

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျိုင်းတုံမြို့ အောက်ဆီဂျင်စက်ရုံအတွက် ငွေကျပ်သိန်း ၂၀၀ လှူဒါန်း

**ကျိုင်းတုံ ဩဂုတ် ၃၀**

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ယမန်နေ့က ကျိုင်းတုံ ဝစီပိတ်ကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြပြီး အလှူတော်ငွေကျပ်သိန်း ၅၀ နှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့ စည်ပင်သာယာရေးဌာနမှ Clean & Green Cities ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျိုင်းတုံမြို့ နောင်ခမ်းကန် သာယာလှပရေး အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ စည်ပင်သာယာရေး ခန်းမတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဂုံရှမ်း၊ တိုင်းနေ၊ တိုင်းလုံ၊ တိုင်းလိ၊ လွယ်၊ ပလောင်၊ ဗမာ၊ လားဟူ၊ လီဆူ၊ "ဝ"၊ အာခါ၊ အားခေ၊ အဲန် စသည့် တိုင်းရင်းသားများစုပေါင်း နေထိုင်ကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မိမိတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို သာမက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားနေကြသည်ကို သိရ၍ ဝမ်းသာကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးတွင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကျိုင်းတုံမြို့ အောက်ဆီဂျင်စက်ရုံအတွက် ငွေကျပ်သိန်း ၂၀၀၊ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်၊ ကုသရေးကော်မတီထံသို့ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ တပ်တွင်း မွေးမြူထားသော ဥစားကြက်ခြံ၊ နို့စားနွားခြံ၊ ဆိတ်ခြံ၊ ဒေသကြက်မွေးမြူရေးခြံ၊ဘဲခြံနှင့် တစ်သျှူးငှက်ပျောခြံတို့ကို သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အစိုးရ၏၂၀၂၀-၂၀၂၁ ခုနှစ် ခွင့်ပြုရန်ပုံငွေ ၂၂၇သန်းဖြင့် ကွန်ဟိန်းမြို့နယ် ဖန်လန်းတိုးချဲ့ရွာအတွင်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ လမ်းအရှည် နှစ်မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကာလိဌာနေ ပြည်သူ့စစ်အဖွဲ့ထံ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများအား ပေးအပ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



# တနင်္သာရီမြို့နယ်ဆေးရုံသို့ အောက်ဆီဂျင်ဆလင်ဒါ ဆက်စပ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်နေသည့်လူနာများနှင့် အရေးပေါ်လူနာများ ကုသရေးအတွက်အောက်ဆီဂျင်အိုးများ၊ကိုဗစ်ရောဂါကာကွယ်ရေး သုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ လိုအပ်သည့်နေရာတွင် ဘက်စုံအသုံးပြုရန် အလှူငွေများနှင့်အစာအာဟာရများကို အဆက်မပြတ် လှူဒါန်းလျက်ရှိသည်။

ဩဂုတ် ၂၉ ရက်က မြိတ်မြို့အနောက်လယ်(၄)နေ ဦးအေးသိန်း-(ဒေါ်မြသန်းတင်) United KMK, Myeik Co.Ltd အလှူရှင်မိသားစုက တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံရှိ ကိုဗစ်- ၁၉ ရောဂါ ပိုးတွေ့လူနာများအား ကုသရာတွင်အသုံးပြုနိုင်ရန်အတွက် Favipiravir ၁၀ ကတ်ပါ နှစ်ဘူး တန်ဖိုးငွေကျပ် ၃၈၀၀၀၀၊ Enoxaprin အခု ၂၀ တန်ဖိုးငွေကျပ် ၆၄၀၀၀၀၊ Inj Ramisivir (2)Pairs၊ အောက်ဆီဂျင်ဆလင်ဒါ ၁၀ အိုး၊ အောက်ဆီဂျင်အရည် အလုံး ၂၀၊ InjDexamethasone ၂၅ လုံးနှင့် အလှူငွေကျပ် သုံးသိန်းတို့ကို လှူဒါန်းပေးကြောင်း သိရသည်။

အလားတူ ၎င်းအလှူရှင်မိသားစုက မြို့နယ်ပြည်သူ့ဆေးရုံကြီးကြပ်ကုသဆောင်၊ အထက-တနင်္သာရီနှင့် တနင်္သာရီခန်းမအတွင်းရှိ ကိုဗစ်-၁၉ ရောဂါလူနာပေါင်း ၁၅၄ ဦးနှင့် စေတနာရှင်ပရဟိတအဖွဲ့များအတွက် ညနေစာ အာဟာရများကို လှူဒါန်းပေးကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

*စာမျက်နှာ ၂၁ မှ*

Stay at Home မြို့နယ်တွေထဲက ကူးစက်မှုကျသွားပြီး ထိန်းချုပ်နိုင်တဲ့ မြို့နယ်တွေကို Stay at Home ကနေ ပယ်ဖျက်ပေးဖို့အစီအစဉ် ရှိပါတယ်။ ရှေ့တစ်ပတ်မှာ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို ပြောချင်တာက ကိုဗစ် - ၁၉ တတိယလှိုင်းက ဒုတိယလှိုင်းထက် ပိုပြီးအရှိန်အဟုန်လည်းပြင်းတယ်၊ ကူးစက်မှု၊ သေဆုံးမှုတွေများတယ် ဘာကြောင့်ဖြစ်ရသလဲ ဆိုတာကို အကြောင်းအရာ တစ်ခုခုအပေါ်မှာ သင်ခန်းစာယူတတ်ရင် နောက်ထပ်လှိုင်းတွေ မဖြစ်ပေါ်ဖို့ တားဆီးကာကွယ်ရာမှာ အရေးကြီးပါတယ်။

**တတိယလှိုင်းက ဘာကြောင့်ဖြစ်သလဲဆိုရင် ကိုဗစ်-၁၉ ဗီဇပြောင်းပိုးတွေက အိမ်နီးချင်းနိုင်ငံမှာဖြစ်တယ်။ အိန္ဒိယနဲ့ မြန်မာနယ်စပ်ဒေသမှာ တရားမဝင် ဝင်ပေါက်တွေ ရှိတယ်။ ဗီဇပြောင်းပိုးသယ်ဆောင်လာတဲ့ သူတွေကနေတစ်ဆင့် ကူးစက်မှုတွေရှိတယ်ဆိုတာ သိရပါတယ်။ နောက်တစ်ခုက လုံခြုံရေးအခြေအနေ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားနည်းပါးတဲ့အခါ နယ်စပ်ဂိတ်တွေမှာ အရင်ကလို စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းတွေ အားနည်းခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ နောက်တစ်ခုက လူစုလူဝေးတွေ ဖြစ်ပေါ်တဲ့အတွက် ရောဂါဖြစ်ပွားမှုက အစုလိုက်အပြုံလိုက် ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။ သင်ခန်းစာယူစရာတွေကို သင်ခန်းစာယူပြီး စတုတ္ထလှိုင်းမဖြစ်ပေါ်ဖို့ အာရုံစူးစိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**

ကနေဒါနိုင်ငံမှာ စတုတ္ထလှိုင်းဖြစ်ပွားမှုနဲ့ ကြုံနေရပြီ၊ ဖြစ်ပွားမှုတွေနည်းအောင် အဓိက အချက်သုံးချက် တိုက်တွန်းလိုပါတယ်။ ပထမအချက်က ကာကွယ်ဆေးတွေ များများထိုးဖို့ တိုက်တွန်းပါတယ်။ ကမ္ဘာ့ကပ်ရောဂါကို ရပ်တန့်နိုင်တာက ကာကွယ်ဆေး မဟုတ်ပါဘူး၊ ကာကွယ်ဆေး ထိုးနှံခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးတွေရှိနေပေမယ့် များများထိုးမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်က **သက်လတ်ပိုင်းလူငယ်တွေမှာ ဖြစ်ပွားမှုတွေများတာကို တွေ့ရပါတယ်။ ဒီလိုအပ်ချက်အပေါ်မူတည်ပြီး ကာကွယ်ဆေးတွေကို တိုးချဲ့ထိုးပေးဖို့ လိုပါတယ်။ တချို့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးခြင်းကို မထိုးမနေရသတ်မှတ်ထားတာ ရှိပါတယ်။ အထူးသဖြင့် အများပြည်သူနဲ့ဆက်ဆံနေရတဲ့ ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ မဖြစ်မနေထိုးရမှာ ဖြစ်ပါတယ်။ မထိုးဘူးဆိုရင် ပြည်သူ့ကျန်းမာရေးဥပဒေ၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေတွေနဲ့ အရေးယူလို့ရပါတယ်။ အများပြည်သူအကျိုးအတွက် လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ မလိုက်နာတဲ့သူကိုလည်း အရေးယူဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေးထိုးနှံသင့်တဲ့သူတွေကို များများထိုးနှံပေးဖို့ အရေးကြီးပါတယ်။**

နံပါတ် ၃ က အရေးအကြီးဆုံး ဖြစ်ပါတယ်။ ပြည်သူ့ ကျန်းမာရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ Mask တပ်တာ၊ လက်ဆေးတာ၊ လူအုပ်စု ရှောင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာ၊ လေကောင်းလေသန့်ရအောင်နေတာ၊ချောင်းဆိုးနှာချေရင် အုပ်ဆိုးတာ ဒါတွေက အရေးကြီးပါတယ်။ အခုကမ္ဘာကြီးမှာ ဗီဇပြောင်းပိုးတွေက သူ့ထက်သူ လူစွမ်းကောင်းတွေ ထွက်ပေါ်နေပါတယ်။ ကာကွယ်ဆေးထိုးနှံသူ များလာလေလေ ဗီဇပြောင်းပိုးတွေဖြစ်ပေါ်မှုအန္တရာယ် နည်းလေလေ ဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးဖို့ လိုသလို တစ်ဖက်ကလည်း ပြည်သူ့ကျန်းမာရေး စည်းကမ်းတွေ၊ ကိုဗစ်-၁၉ စည်းကမ်းတွေကို တိတိကျကျ လိုက်နာဖို့ တိုက်တွန်းလိုပါတယ်။ ဒါဆိုရင် လက်ရှိ တတိယလှိုင်းကို အမြန်ဆုံး ထိန်းချုပ်နိုင်ပြီး နောက်ထပ်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နိုင်မယ်လို့ ပြောလိုပါတယ်။ မြန်မာပြည်သူ ပြည်သားတွေနဲ့ ကမ္ဘာသူကမ္ဘာသားတွေ ကိုဗစ်-၁၉ အန္တရာယ်ကနေ ကင်းဝေးဖို့အတွက် ဆုတောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

# တပ်မတော်လေယာဉ်ဖြင့် ထပ်မံပို့ဆောင်သော ကိုဗစ်- ၁၉ ကာကွယ်ဆေးများ မြစ်ကြီးနားမြို့သို့ ရောက်ရှိ




**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ထပ်မံထိုးနှံပေးနိုင်ရေးအတွက် ဒုတိယအသုတ်အဖြစ် ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေးများကိုတပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ရာ ဩဂုတ် ၂၉ ရက်က မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်သို့ ရောက်ရှိသည်။

ယမန်နေ့က တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများမှာ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေး ၇၉၁၂ လုံး ဖြစ်ပြီး ကာကွယ်ဆေးများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူကြပြီး ယင်းကာကွယ်ဆေးများကို ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်နိုင်နှင့် ကျန်းမာရေးဝန်ထမ်းများထံ လွှဲပြောင်းပေးအပ်ကြသည်။

ကချင်ပြည်နယ်သို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်အဖြစ် ဇူလိုင် ၃၀ ရက်က ရောက်ရှိခဲ့ပြီး ကချင်ပြည်နယ်အတွင်း ဇူလိုင် ၃၁ ရက်မှ စတင်၍ ပထမအကြိမ်အဖြစ် လူဦးရေ ၄၆၂၀၀ ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ယမန်နေ့က ရောက်ရှိလာသော ကာကွယ်ဆေးများသည် ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ထပ်မံထိုးနှံပေးနိုင်တော့မည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

## ပုသိမ်ကြီးမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်

**ပုသိမ်ကြီး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် သစ်ပင်ကြီးနှစ်ပင် လဲပြိုခြင်း၊ ရပ်ကွက်/ ကျေးရွာများနှင့် ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်လမ်းမကြီးအချို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည်။

မိုးရွာသွန်းမှုကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့မရဲစခန်း၊ မြို့နယ်စာရင်းစစ်ရုံး၊ မြို့နယ်စည်ပင်၊ လ.ဝ.ကရုံး၊ ပညာရေးမှူးရုံး၊ ဆောက်လုပ်ရေးရုံး၊ မြေစာရင်းရုံး၊ စက်မှုလယ်ယာရုံး စသည့်ရုံးများ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ်၌ မိုးများသည့်အချိန်တွင် တောင်ကျရေများ ဝင်ရောက်လာမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိပြီး ရပ်ကွက်အချို့တွင် လူနေအိမ်ထဲအထိ တောင်ကျရေများ ဝင်ရောက်လျက်ရှိသည်။ ထို့အတူ ယနေ့နံနက်ပိုင်းက ရန်ကင်းတောင်မြောက်ဘက် ဆည်မြောင်းပေါင်ကားလမ်းတွင် ဆူးဖြူပင် လုံးပတ်သုံးပေခန့်၊ အမြင့်ပေ ၃၀ ခန့်ရှိ သစ်ပင်နှစ်ပင် လဲကျသဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်သွားလမ်း ပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## မင်းဘူး(စကု)မြို့နယ်၌ မြေနိမ့်ပိုင်းနေရာများသို့ ရေဝတီမြစ်ရေများဝင်ရောက်

**မင်းဘူး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ရေဝတီမြစ်ကမ်းတစ်လျှောက် မြေနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာများ၊ မြစ်လယ်နှင့် ရွှေတပင်ကျေးရွာရှိ မြေနုကျွန်းများတွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝတီမြစ်ရေ မြင့်တက်မှုတွင် တစ်ရက်လျှင် ၁၆ စင်တီမီတာ မြင့်တက်လျက်ရှိပြီး ရေဝတီမြစ်ကမ်းတစ်လျှောက်မှ ထောက်ရှာပင်ကျေးရွာအုပ်စုရှိ ရွှေတပင်ကျေးရွာ၊ မင်းဘူးမြို့အမှတ် ၂၊ အမှတ် ၃၊ အမှတ် ၄ ရပ်ကွက်များနှင့် ရွာသာ၊ ထုံးမကျီး စသောကျေးရွာများတွင် မြစ်ရေအများဆုံး မြင့်တက်လျက်ရှိသည်။

ထိုသို့ မြစ်ရေ မြင့်တက်မှုကြောင့် ရပ်ကွက်/ ကျေးရွာများရှိ ပြည်သူများနှင့် ၎င်းတို့မွေးမြူထားသော နွားများ၊ ဆိတ်များ၊ ဝက်များ၊ အခြားအိမ်မွေးတိရစ္ဆာန်များကို ရေလွတ်သည့် ကုန်းမြင့်ရာနေရာများသို့ ရွှေ့ပြောင်းထားရကြောင်း ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

ဇေယျာထက် (မင်းဘူး)

## ရေနံချောင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ရေနံချောင်း ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်လာပြီး ရေကြီးရေလျှံခြင်းများ ဖြစ်ပွားနေသည့်အတွက် ယမန်နေ့က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ဌာနဆိုင်ရာများက ရေကြီးရေလျှံခြင်းများ ဖြစ်ပွားနေသော ကျေးရွာများသို့ သွားရောက်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ရေကြီးရေလျှံခြင်းများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် မာန်မြေကျေးရွာအုပ်စု၊ ရွာသာကုန်းကျေးရွာတွင် အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၈၃ ဦး၊ နွား ၁၂၆ ကောင်နှင့် ကျွဲ ၄၇ ကောင်တို့အား ရေဘေးလွတ်ရာ ပင်းဝကျေးရွာအုပ်စု၊ ပင်စက္ကလံပဘုရားတန်ဆောင်းများသို့ ရွှေ့ပြောင်းနေထိုင်ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို ခရိုင်စီမံအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ထောက်ပံ့ငွေကျပ် ၃၈၄၃၀၀ နှင့် ဆန်၊ ခေါက်ဆွဲခြောက်ထုပ်များ၊ လက်သန့်ဆေးရည်ဘူးများ၊ နှာခေါင်းစည်းများ၊ အားဆေးများကို ပေးအပ်ကြောင်း သိရသည်။

ငြိမ်းငြိမ်းအိ(ပြန်/ဆက်)

# ဝမ်းတွင်းမြို့နယ်၌ သင်ပုန်းချောင်းကူးတံတား စက်တင်ဘာလအပြီး တည်ဆောက်မည်

**မိတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာနှင့် ပင်းတလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ သင်ပုန်းချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ဝမ်းတွင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာ ၃၀ ကျော်မှ ဒေသခံကျေးလက်နေ ပြည်သူများ၏ အဓိက ကုန်စည်စီးဆင်းမှုအဖြစ် အသုံးပြုလျက်ရှိသည့် သဖန်းကျေးရွာနှင့် ပင်းတလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ သင်ပုန်းချောင်းကူးတံတားမှာ ချောင်းရေတိုက်စားခဲ့၍ ပျက်စီးခဲ့သဖြင့် ယင်းလမ်းကို အသုံးပြုလျက်ရှိသည့် ဒေသခံကျေးလက်နေပြည်သူများမှာ မိုးရာသီတွင် တောင်ပုလုဆည်မှ ရေပိုရေလျှံများ စီးဆင်းသည့်အတွက် မိုးရာသီ ချောင်းရေကျချိန်တွင် သွားလာရာ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိသောကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အရှည်ပေ ၃၀၀၊ အကျယ် ၁၆ ပေရှိ Bored Pile Foundation၊ သံကူကွန်ကရစ်ကြမ်းခင်း၊ ထပ်ပိုးကတ္တရာခင်း၊ Submersible Bridge အမျိုးအစားကို ဇန်နဝါရီလမှစတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (တံတားတည်ဆောက်ရေးအဖွဲ့) နေပြည်တော်မှ တာဝန်ယူ၍ တည်ဆောက်လျက်ရှိရာ ယင်းသင်ပုန်းချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာလအတွင်း အပြီး တည်ဆောက်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးတာဝန်ခံထံမှ သိရသည်။

အဆိုပါ သဖန်းကျေးရွာနှင့် ပင်းတလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ သင်ပုန်းချောင်းကူးတံတားကို ဝမ်းတွင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ပင်းတလဲ၊ တဲစု၊ တောင်ဆည်၊ ဆင်သေကွေ့၊ ရွာသစ်၊ သုံးထောင့်အိုင်၊ ညောင်ကားယား၊ အိုမတွေ့၊ သဖန်း၊ ကန်မလ၊ မရမ်း၊ ပလက်ဝါ၊ လေးမျက်နှာ၊ ဝက်လက်၊ ရွာသာအေး၊ ဉာဏ်ကန်၊ ကန်ပတ်လယ်၊ ကျောင်းကုန်း၊ ခံဘူး၊ ခံပွဲ၊ ပြည်တော်သာ၊ ငွေ့ကြီး၊ ရှောက်တော၊ ကုက္ကိုခုလ၊ သဖန်းပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရောင်းဝယ်ရာတွင် အဓိက အသုံးပြုလျက်ရှိသောကြောင့် ယင်းတံတား တည်ဆောက်ပြီးစီးပါက ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း ပင်းတလဲကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။



သင်ပုန်းချောင်းကူးတံတားကို တွေ့ရစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးဝင်းအတွင်း၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၈၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံစတင်ဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးဝင်းအတွင်း၌ ဆောက်လုပ်ထားသည့် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောက်ဆီဂျင်စက်ရုံ အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်၍ အောက်ဆီဂျင်စက်ရုံ ဆိုင်းဘုတ်နှင့် အောက်ဆီဂျင်စက်ရုံအတွင်းရှိ အောက်ဆီဂျင်စက်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ စတင်လည်ပတ်ပေးကြပြီး အောက်ဆီဂျင်စက်ရုံကို လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ)

အဆိုပါစက်ရုံမှာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၈၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ကုသရေးနှင့် အောက်ဆီဂျင်လိုအပ်မှုများရှိပါက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအချိန်ထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၃ ဦးနှင့် အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၃၆ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွတ်ခွဲ အတည်ပြုပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၅၇ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခွတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၅၀ ကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခွတ်ခွဲ အတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံအတည်ပြုခြင်းကို အုပ်စုမခွဲပွဲ ပြုလုပ်ရက်တွင် တစ်ပေါင်းတည်း ထုတ်ပြန်သွားဖွယ်ရှိနေသည်။ ယခုပြိုင်ပွဲကို ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေသဖြင့် Centralized Venue ပုံစံဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲပုံစံအသစ် ပြောင်းလဲခဲ့ပြီး အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲဝင် တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမခွဲပွဲ အခမ်းအနားကို စက်တင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်အထိ အိမ်ရှင်နိုင်ငံ တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံ ရွေးချယ်ပြုလုပ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှသာ ပြိုင်ပွဲပုံစံ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကမ္ဘောဒီးယား၊ ထိုင်းအပါအဝင် နိုင်ငံအချို့ စိတ်ဝင်စားလျက်ရှိသည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အကြိမ်တိုင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၄ နှင့် ၂၀၁၆ ခုနှစ်တွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ ဆူဇူကီးဖလားပြိုင်ပွဲကို ၁၂ ကြိမ်ကျင်းပပြီးစီးထားပြီး ထိုင်းအသင်းက ချန်ပီယံဆု ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေသည်။

**ရဲရင့်လွင်**

○ *ကျောဖုံးမှ*

ယခုနှစ်တွင်လည်း လက်ရှိအချိန်အထိ ပြိုင်ပွဲစုံလေးပွဲ ပါဝင်ကစားထားပြီးဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ပွဲစဉ် (၃) ယှဉ်ပြိုင်ကစားအပြီးတွင် စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး နော့ဝှစ်ချ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ နာမည်ကြီး အာဆင်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည့်အတွက် သုံးပွဲကစား တစ်ပွဲရှုံး၊ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၇) နေရာတွင် ရပ်တည်နေသည်။ လာမည့် ပွဲစဉ်အဖြစ် မန်စီးတီးအသင်းသည် စက်တင်ဘာ ၁၁ ရက်တွင် ကစားရခက်ခဲသည့် လက်စတာ အသင်းနှင့် ရင်ဆိုင် ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၉ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၂၉၁ ဦးကို လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက် ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၃၀**

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် ယင်းက အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်စေရန်အတွက် အစိုးရ၏အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု တစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါမည်။

၅။ အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘုတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများ ထုတ်လွှင့်နေသူများကို သက်ဆိုင်ရာ ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏ အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည် ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ်မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်သူ အမျိုးသား လေးဦးက သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ်သိန်းတစ်ထောင်ခန့်အား လုယက်ယူဆောင်

နေပြည်တော် ဩဂုတ် ၃၀

**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ အကြမ်းဖက်သူ အမျိုးသား လေးဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ်သိန်း တစ်ထောင်ခန့်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။**

**သေနတ်ဖြင့် ခြိမ်းခြောက်**

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် သမိုင်းမြို့ဟောင်း (၈) လမ်းရှိ ကမ္ဘာ့ရတနာဘဏ်သို့ Mark II ယာဉ် (စိစစ်ဆဲ)ဖြင့် ရောက်ရှိလာသော အကြမ်းဖက်သူ အမျိုးသား လေးဦး(စိစစ်ဆဲ)က ပစ္စတိုသေနတ်ဟု ယူဆရသော သေနတ်အတို ကိုယ်စီကိုင်ဆောင်၍ ဘဏ်အတွင်းသို့ ဝင်ရောက်လာကာ ဘဏ်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ကောင်တာစားပွဲပေါ်နှင့် ကြမ်းပြင်ပေါ်တွင် စီထားသော ငွေကျပ်သိန်းတစ်ထောင်ခန့်အား လုယက်ယူဆောင်ပြီး Mark II ယာဉ်ဖြင့် သမိုင်းဘူတာရုံလမ်းအတိုင်း လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘက်သို့ မောင်းနှင် ထွက်ပြေးသွားခဲ့သည်။

အထက်ပါ အကြမ်းဖက် လုယက်မှုဖြစ်စဉ်မှ သေနတ်ဖြင့် ခြိမ်းခြောက်ကာ ငွေများလုယက်ယူဆောင်သွားသူများအား အမြန်ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ပိတ်ဆို့ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီခွဲတွင် နောင်ချိုမြို့နယ် လားရှိုး-မန္တလေးသွား ကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သတင်းအရ သီပေါမှ မန္တလေးသို့ စိုင်းဘိုးစာ(၃၁ နှစ်) မောင်းနှင်ပြီး အောင်မိုး(၂၈)နှစ် လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ နောက်မှလိုက်ပါလာသည့် မျိုးချစ်(၅၀ နှစ်) မောင်းနှင် ပြီး ထွန်းနိုင်(၃၁ နှစ်) လိုက်လာသည့် ခြောက်ဘီးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ကီလို၊ ဘိန်းစိမ်း ၁၂၄ ဒသမ ၈ ကီလိုတို့ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်ဖြစ်ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိ ကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်ခွဲသားများ ဖမ်းမိ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏သတင်းရယူဖော်ထုတ်ချက်အရ ဩဂုတ် ၂၅ ရက်က လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ဦးရွှေဘင်လမ်း ခြံအမှတ် ၁၇ ဂိုဒေါင်အတွင်းမှ တရားမဝင် ကျွန်း/ပိတောက်ခွဲသား ခန့်မှန်း တန် ၈၀ ခန့်နှင့် သစ်တင်ထားသော ယာဉ်တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။



**၀၀၇**

**(၂၉-၈-၂၀၂၁)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၂၉ ပါ ဒေါ်ကြည်ကြည်ဇင် ၁၂/ဒဂန(နိုင်) ၀၀၈၇၃၆၏ကြေညာချက်အပေါ်တွင် ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၈လမ်း( မယ်ဇီကုန်းလမ်း)၊ အမှတ်1G(A)နေ ကိုကောင်းမြတ်လင်း ၁၂/လမန(နိုင်) ၁၅၃၀၃၉ နှင့်မချမ်းမြတ်လင်း ၁၂/လမန(နိုင်) ၁၅၂၉၉၄တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ၏မိဘများဖြစ်သော ဒေါက်တာကျော်လင်း၊ ဒေါ်လွင်လွင်သက်တို့သည် (၆-၄-၂၀၁၃)ရက်တွင် တရားဝင်ကွာရှင်းခဲ့ကြသော်လည်း သားသမီးများဖြစ်သည့် ကိုကောင်းမြတ်လင်းနှင့် မချမ်းမြတ်လင်းတို့ကျန်ရှိပါသည်။ ဒေါက်တာကျော်လင်းသည် (၅-၇-၂၀၂၁)ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ခဲ့ရာ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ရှိခဲ့ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၈လမ်း(မယ်ဇီကုန်းလမ်း)၊ အမှတ်(၁)မြေပေါ်ရှိ (၂)ခန်းတွဲ(၃)ထပ်တိုက်၏ မြေညီထပ် (အခန်းအမှတ်-1G(A)၊ အကျယ် ပေ(၁၅ x ၄၅)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(ခ) DAIHATSU HIJET အမျိုးအစားမော်တော်ယာဉ်အမှတ်(7E/9766)(၁)စီး။

အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း အရပ်ရပ်အပါအဝင် ဒေါက်တာကျော်လင်းကျန်ရှိသော ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်၍ တရားဝင်ဆက်ခံသူများဖြစ်သည့် ကျွန်ုပ်အမှုသည်များ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်းတို့ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆၊ ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်တွင် ဟိန်းလွင်စိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၅ နာရီတွင် တောင်ကြီးမြို့ မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အမှတ် (ည/၆၇)ရှိ စိုးသူ(**အောက်ပုံ**)၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ငွေကျပ်သိန်း ၂၅၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀၊ ဘိန်းဖြူ ၀ ဒသမ ၆ ကီလို၊ Fielder အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာအနီးတွင် လာတူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ထို့ပြင် ဩဂုတ် ၂၈ ရက် ညပိုင်းတွင် မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်(အလယ်ပိုင်း) ကျေးရွာ အရှေ့သိမ်လမ်းတွင် တင်လင်းဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ ကိုလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ကျော်ဇင်လတ်(ခ)ခိုင်ငယ်နှင့် ပြည့်ဖြိုးအောင်(ခ) ကိုဦးကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နားချောင်းကျကျေးရွာအနီး ပြင်ဦးလွင်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ်(၁၃/၃)အနီးတွင် မော်တော်ယာဉ် တစ်စီး ရပ်တန့်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် အောင်ဇော်နှင့် မျိုးမင်းဦးတို့ နှစ်ဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**




သက်ရှိလောက
တည်မြဲဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက် စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ယခင်က ဆုမဲများ ခွဲဝေချီးမြှင့်ရာတွင် ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၆၀% ကို ဆုမဲအဖြစ် ခွဲဝေချီးမြှင့်ခဲ့ရာမှ ယခုအခါ အောင်ဘာလေထီကံစမ်းသူ မိဘပြည်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးနိုင်ရန်ရည်ရွယ်၍ ၁-၉-၂၀၂၁ ရက်နေ့တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှစ၍ ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၇၀% ကို ဆုမဲအဖြစ် တိုးမြှင့် ခွဲဝေပေးသွားမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ လ(၁)ရက်နေ့တွင် ကျင်းပမည့်အကြိမ် (၃၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက်“ည”**ထိ စုစုပေါင်း အက္ခရာ(၁၀)လုံးတွင် ထီစာအုပ်(၁၂၄,၀၇၉) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သိန်း (၁၂၄၀.၇၉၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာကျပ်သိန်း (၈၆၈.၅၅၃) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း (၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၄) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၄) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါ ဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ အကြိမ်(၃၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို(၁.၉.၂၀၂၁)ရက်နေ့(ဗုဒ္ဓဟူးနေ့)၊ နံနက် (၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သာသန(တောင်တန်းသာသနာပြု)
## သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စပယ်လမ်း၊ အောင်မင်္ဂလာ၊ စပယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ဖြစ်တော်မူသော သက်တော်(၇၀)၊ သိက္ခာတော်(၅၀)ရှိ ဘဒ္ဒန္တသာသန ဆရာတော်ကြီးသည် (၁၃၈၃ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၂၅-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း တပည့်၊ ရဟန်းရှင်လူ ပြည်သူအပေါင်းအား အသိပေးအပ်ပါသည်။

**တပည့် သံဃာတော်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ခွဲစိတ်ကုပညာပါမောက္ခ ဦးဦးကျော်
### အသက်(၇၇)နှစ်

ဆေးပညာရပ်တိုးတက်မှုအပေါ်အစဉ်တစိုက်အလေးထားကြိုးပမ်းလျက်ရှိပြီး လက်အောက်ဆရာဝန်၊ ဆရာမများအား ဆေးပညာဆိုင်ရာများ သင်ကြားပြသရုံမျှမက တရားဓမ္မနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေး အစဉ်သွန်သင်ဆုံးမလေ့ရှိသူ ဆရာကြီးပါမောက္ခ ဦးဦးကျော်သည် ၂၈-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ယူကျုံးမရဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ၊ ဆေးရုံအုပ်၊ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ**
**သျှင်ပါကူဆေးရုံ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးစိန်ထွန်း (ငြိမ်း)
### စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ(ကော့ကရိတ်မြို့နယ်)
### အသက်(၆၄)နှစ်

ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း) စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ၊ ကော့ကရိတ်မြို့နယ်(ကိုးတိုင်ကျေးရွာ)သည် ၂၉-၈-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း(၇၈)သူရတပ်ခွဲမှ**
**ကျောင်းဆင်းသူငယ်ချင်းမိသားစုများ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

-မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၉)ခု၊ MICC-1 နှင့် MICC-2 မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၃၀-၈-၂၀၂၂ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၀-၉-၂၀၂၂ရက် ညနေ ၄နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Housing၊ တိုက်အမှတ်(B-3)၊ အခန်းအမှတ်(603)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်မေစံပယ်ဖြူ ၈/ဆပဝ(နိုင်)၀၇၁၃၁၉ နှင့် ဒေါ်ကောင်းဆုရည် ၈/ဆပဝ(နိုင်)၀၇၈၀၁၄ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ၊ ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်-၁၆၇၀၅)**
**အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးမြင့်
### ဥက္ကဋ္ဌ၊ သမဝါယမအသင်းစုချုပ်၊ နေပြည်တော်ကောင်စီနယ်မြေ
### အသက်(၇၁)နှစ်

ဇဟိုသမဝါယမအသင်းလီမိတက်၊ ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးမြင့်(ဥက္ကဋ္ဌ၊ သမဝါယမအသင်းစုချုပ် နေပြည်တော်ကောင်စီနယ်မြေ)သည် ၂၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇဟိုသမဝါယမအသင်းလီမိတက်**

## ရွှေညဝါ-ဒိကမ္ဘိက
## ဆရာကြီးဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်
## ရွှေရေလယ်ဓမ္မာစရိယ သင်တန်းနည်းပြ
### အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီလမ်း၊ ၈၂/ ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ အသောကာရာမ ရွှေဟင်္သာရေလယ် စာသင်တိုက်နေ (ဦးခင်ရွှေ-ဒေါ်ခင်လှ)တို့၏သား ဒေါ်အေးအေးတင့်၏ချစ်လှစွာသောခင်ပွန်း ရွှေညဝါ-ဒိကမ္ဘိကဆရာကြီးဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်သည် ၂၇-၈-၂၀၂၂ရက် (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂:၀၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့် များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ပဓာနနာယကဆရာတော်နှင့် တပည့်များ**
**အသောကာရာမရွှေဟင်္သာရေလယ်စာသင်တိုက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးမြင့်
### (ဥက္ကဋ္ဌ၊ နေပြည်တော်သမဝါယမအသင်းစုချုပ်)
### အသက်(၇၁)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၁)လမ်းနေ ဒေါ်အေးမြင့်(ဥက္ကဋ္ဌ၊ နေပြည်တော် သမဝါယမအသင်းစုချုပ်)သည် ၂၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာနှင့်ဝန်ထမ်းများ**
**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီး ဇေယျာဟိန်း(ကြည်း ၅၁၈၃၇)
### DSMA(8th Intake)
### အသက်(၃၈)နှစ်

တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)မှ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးဇေယျာဟိန်းသည် ၂၈-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့**
**ရောဂါဗေဒဆရာဝန်များ**

## လူပျောက်ကြော်ငြာ

ကျွန်မ၏ခင်ပွန်းဖြစ်သူ ပြည့်ဖြိုးအောင် ၁၂/လသယ(နိုင်)၁၀၃၃၁၂သည် ၂၈-၈-၂၀၂၂ရက်တွင် မိမိနေအိမ်မှ သူ၏မိဘများနေထိုင်ရာ လှိုင်သာယာမြို့နယ်ရှိ မိဘအိမ်သို့ အလုပ်သွားရောက်လုပ်ကိုင်ခဲ့ရာမှ အဆက်အသွယ်ရရှိခြင်း မရှိတော့ဘဲ ယနေ့တိုင် ပျောက်ဆုံးနေပါသည်။ သူ၏မိဘများမှာလည်း အလုပ်မှပြန်သွားပြီးမှသာ ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း ပြောသဖြင့် ဇနီးဖြစ်သူ ကျွန်မမှာ လွန်စွာစိုးရိမ်ပူပန်နေရပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သတင်းပေးသူအား အထူးကျေးဇူးဆပ်ပါမည်။ ကျွန်မ၏ ခင်ပွန်းသည် ပြည့်ဖြိုးအောင်ကို လက်ခံထားရှိသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

**မထည်ဝါအောင်(ဇနီး)**
**ဖုန်း-၀၉-၇၇၇၂၅၃၆၉၀**
**၀၉-၇၇၇၅၀၀၀၇၈**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အသိပေးခြင်း

ကျွန်မ မဇင်မာဦး KMW-၁၃၆၁၉၈ နှင့် မောင်ကိုကို ၁၂/မဂတ(နိုင်)၁၀၈၅၆၅ တို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ပါ၍ မောင်ကိုကိုနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေးအရှုပ်အရှင်းတစ်စုံ တစ်ရာမျှ ကျွန်မ မဇင်မာဦးနှင့် မသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဇင်မာဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၄၃)၊ ၆ လွှာ(ယာ)၊ အကျယ်အဝန်း ၁၂ ၁/၂ ပေ x ၅၀ ပေရှိ တိုက်ခန်းအား မြေရှင်ကန်ထရိုက်တာစာချုပ်ဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူကန်ထရိုက်တာ ဦးအောင်ထွန်းလှ ၁၂/တမန(နိုင်)၀၈၁၄၅၂ (LC-372)အောင်ရတနာဆောက်လုပ်ရေးထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုခြင်းရှိပါက ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ထက်**
**အထက်တန်းရှေ့နေ(စဉ်-၄၆၃၇၉)**
**LL.B, DBL,DIPL**
**WIPO(International)**
**ဖုန်း-၀၉-၂၅၂၂၉၉၀၀၂**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းတန်
### စာရေးဆရာ ကိုနွယ်မောင်
### လက်ထောက်အရောင်းဌာနမှူး (ငြိမ်း) စာပေဗိမာန်၊
### ကြေးမုံဂျာနယ်၊ ကြေးမုံသတင်းထောက်ဟောင်း၊
### Ex ကထိက-ဒေသကောလိပ်(၁)နှင့်(၂)ရန်ကုန်၊
### မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း သက်ကြီးကန်တော့ခံ
### အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ(ဦးဖိုးနွယ်-ဒေါ်လှပု)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်စိန်ကြူ)တို့၏သားသမက်၊ (ဒေါ်မြမြသိန်း)၏ခင်ပွန်း၊ (ဦးစိုးစံ-ဒေါ်ယဉ်ယဉ်နွဲ့)တို့၏အစ်ကို၊ ဦးကိုကိုသိန်း(စာပေဗိမာန်-ငြိမ်း)၊ (ဦးဘိုဘိုသိန်း)၊ ဒေါ်လွင်မာသိန်း၊ ဒေါ်တင်မာသိန်း၊ ဦးမျိုးဝင်း(MIPL-Thilawa)-ဒေါ်လီလီသိန်း၊ ဦးဇော်ထွန်းအောင်(CCPBM)-ဒေါ်မီမီသိန်း(သစ်လွင်ဟိန်းကုမ္ပဏီ)၊ ဒေါ်လတ်လတ်သိန်း(ဦး/ရှိ၊ စီမံကိန်းဦးစီးဌာန၊ နေပြည်တော်)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မနီလာ၊ မောင်မင်းယုဝေ(KJCF-Thilawa)-မအင်ကြင်းခိုင်၊ မကျော့ကေသွယ်ဇော်(အထက-ကွမ်းခြံကုန်း၊ သန်လျင်)၊ မောင်ဟန်ဥက္ကာ (အထက-၂၊ သန်လျင်)တို့၏ အဘိုးဖြစ်သူ ဦးသိန်းတန်သည် ၂၉-၈-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၅၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးစိန်မောင်
### ဥက္ကဋ္ဌ ၊ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနယဉ်လမ်း၊ အမှတ်(၅၅)နေ (ဒေါက်တာဒေါ်ရင်ရင်မေ) ၏ခင်ပွန်း ဒေါက်တာဦးစိန်မောင်သည် ၃၀-၈-၂၀၂၂ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဦးအေးသောင်း(ခ)ဦးဆောင်း
### အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက္ကမီလမ်း၊ ဒေါင်းဇရပ် ရပ်ကွက်၊ အိမ်အမှတ်(၁၈၇)တွင် နေထိုင်သော ဒေါ်ခင်အန်းကြူ(ခ)မကြူ၏ချစ်လှစွာသော ခင်ပွန်း၊ သားကြီးစိုးသက်နောင်အေး-စောစန္ဒာလင်း၊ သမီးကြီးအေးဆုဆုနှင်း-ဇော်လင်းမြတ်၊ သမီးလတ် ဖြူဖြူခိုင်-ဟိန်းလတ်အောင်နိုင်၊ သမီးငယ် ဝင်းဝင်းကြူ-Elliot Lee တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ ချာနရဲထက်၊ Ethan Ye' Htet, Liam Thet Naung၊ အင်္ဂလင်းမြတ်တို့၏ ကျေးဇူးရှင်အဘိုးသည် ၃၀-၈-၂၀၂၂ ရက် (တနင်္လာနေ့)နံနက် ၄:၃၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားသောကြောင့် ၃၁-၈-၂၀၂၂ ရက် (အင်္ဂါနေ့)နံနက် ၉ နာရီတွင် မော်လမြိုင်မြို့၊ ဝိန္ဒကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၅-၉-၂၀၂၂ ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ ကွမ်ကသောင်မွန်စုရပ်၊ ပန်းချယ်ရီလမ်းနေ (ဦးစံဌေး)-ဒေါ်သန်းညွန့်တို့၏သား မောင်ကျော်ဇင်ထွေး ၁၀/မဒန(နိုင်)၁၃၆၄၂၄ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အတွက် ၁၀-၇-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန်းညွန့်(ဘ)ဦးတန်ဘီ**
**၁၀/မဒန(နိုင်)၁၃၆၄၂၂**

## ဒေါ်အေးမင်းမြတ်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြို့သစ်ရပ်၊ ပိတောက်လမ်းနေ ဒေါ်ကြည်ဝင်း ၉/ပဘန(နိုင်)၀၁၆၉၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဒေါ်ကြည်ဝင်း၏ သမီးဖြစ်သူ ဒေါ်အေးမင်းမြတ်(ဘ-ဦးအေးလွင်) ၉/ပဘန(နိုင်) ၁၄၅၁၅၅ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာနှင့် ကိုယ်စိတ်နှစ်ပါးစလုံး ထိခိုက်အောင် ပြုမူဆောင်ရွက်သွားသောကြောင့် ကျွန်ုပ်၏အမှုသည်မှ ဒေါ်အေးမင်းမြတ်အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် အရှုပ်အရှင်းကိစ္စအဝဝတို့အား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ကြည်ဝင်း ၉/ပဘန(နိုင်)၀၁၆၉၃၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မျိုးသွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၂)**
**ဖုန်း-၀၉-၄၀၂၅၂၇၂၉၄**

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ခံစစ်ကစားသမား ဒီယက်စ် မန်စီးတီးအသင်း၌ သက်တမ်းတိုးစာချုပ် ချုပ်ဆို

ပေါ်တူဂီခံစစ်ကစားသမား ရူဘင် ဒီယက်စ်သည် မန်စီးတီးအသင်း၌ ၂၀၂၇ ခုနှစ်အထိ ရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ်ရှိပေါ်တူဂီကစားသမား ဒီယက်စ်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ပေါင် ၆၅ သန်းနှင့်အတူ ခြောက်နှစ်စာချုပ်ဖြင့် ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

၎င်း ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် မန်စီးတီးအသင်းကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပရီမီယာလိဂ်ဖလားနှင့် ကာရာဘောင်ဖလားတို့ကို ရရှိအောင် ကူညီပေးထားနိုင်သည်။ ထို့အပြင် ဒီယက်စ်သည် မန်စီးတီးအသင်းကို ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ရောက်ရှိအောင်လည်း ကူညီပေးထားသူဖြစ်သည်။ ထို့ကြောင့် ဒီယက်စ်သည် ပြီးခဲ့သည့်နှစ်တွင် အားကစားကလောင်ရှင်များ အဖွဲ့အစည်းမှ ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး အမျိုးသားဘောလုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်သည်။ ထို့အပြင် ဒီယက်စ်သည် ပြီးခဲ့သည့်နှစ်တွင် ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိထားသူဖြစ်သည်။




ဒီယက်စ်သည် ပြီးခဲ့သည့်နှစ်က မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၅၀ အထိ ပါဝင်ကစားခွင့်ရရှိထားသည့် ကစားသမားတစ်ဦးဖြစ်သည်။ *စာမျက်နှာ ၂၄ ကော်လံ ၁* ○

## ရောဝတီမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟသ်္သာတမြို့နှင့် ဇလွန်မြို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်စီ အသီးသီး ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဆိပ်သာမြို့၊ ဟသ်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ယနေ့ မာ တိ ကာ

နိုင်ငံအတွင်းမှ လုံခြုံစိတ်ချစွာ ထွက်ခွာသွားနိုင်ရေးအတွက် အာမခံသည်ဟု တာလီဘန်များ အခိုင်အမာပြော နိုင်ငံတကာသတင်း စာ ၁၂

အကြမ်းဖက်သူ အမျိုးသားလေးဦးက သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ်သိန်းတစ်ထောင်ခန့်အား လုယက်ယူဆောင် ပြည်တွင်းသတင်း စာ ၂၅

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၅၅ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခြောက်ကြိမ်သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိအား (ထူးခြားသည့်အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အခြေခံပညာကျောင်းများအား ၁-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တား ထိန်းချုပ်ရန်လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင်) အား ၁-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။